# ကမ္ဘာ့ရတနာဘဏ်

(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)




## (၃၀)ကြိမ်မြောက်
## နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့
## တင်သွင်းသည့်ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ
## ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်

"သင့်ရည်မှန်းချက်အောင်မြင်ရေး၊ GTB မှ ဖြည့်ဆည်းပေး"



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများကို မူဝါဒများချမှတ်၍ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ကမ္ဘောဇရတနာဘဏ်လီမိတက်သည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ထူးချွန်ထမ်းဆောင်ခဲ့ပါသဖြင့် ကမ္ဘောဇရတနာဘဏ်လီမိတက် အား နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်လိုက်သည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ (၁၅) ရက်
နေရာ ။ ။ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ဆဋ္ဌမ အများဆုံး ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) Global Treasure Bank Public Co.,Ltd. သည်နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် လာမည့်အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ (      ) ရက်

နေ ရာ၊ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၁၅–၂၀၁၆ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အဆင့် ( ၆ ) ဖြင့် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သော Global Treasure Bank Public Co., Ltd သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့် အပြင် တိုင်းပြည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်း အားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာန မှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း နှင့်လာမည့် အနာဂတ်ကာလများ တွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

( မင်းထွင့် )
ညွှန်ကြားရေးမှူးချုပ်

ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်
နေ ရာ၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၁၆–၂၀၁၇ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အဆင့် ( ၁၁ ) ဖြင့်

ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သော

Global Treasure Bank Public Co.,Ltd

သည်

နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်း အားထုတ်ခဲ့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း နှင့် လာမည့်အနာဂတ်ကာလများတွင်လည်း စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၃၁ ) ရက်

နေရာ၊ နေပြည်တော်

# ကမ္ဘာ့ရတနာဘဏ်လီမိတက်

# Table of Contents


| | |
|---|---|
| 01 | ဥက္ကဋ္ဌ၏ ဥယျောဇဉ် |
| 02 | ဘဏ်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ |
| 03 | ဒါရိုက်တာအဖွဲ့အမည်စာရင်း |
| 04 | စီမံခန့်ခွဲမှုကော်မတီများ |
| 05 | ဘဏ်၏မတည်ငွေရင်း |
| 06 | ဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေများခွဲဝေခြင်း |
| 07 | ဘဏ်၏ ပုံသေပိုင်ပစ္စည်းများအခြေအနေ |
| 08 | နှစ်အလိုက် ဘဏ်၏အမြတ်ငွေအပေါ် အခွန်ထမ်းဆောင်မှုနှင့် အပ်ငွေအခြေအနေ |
| 09 | ကမ္ဘာ့ရတနာဘဏ်၏ ငွေကြေးခိုင်မာမှုအခြေအနေ |
| 10 | Products and Services |
| 11 | ပြည်တွင်းငွေလွှဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေ |
| 12 | နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းအခြေအနေ |
| 13 | ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်နိုင်မှုအခြေအနေ |
| 14 | နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေ |
| 15 | Channel Banking လုပ်ငန်းဆောင်ရွက်မှုအခြေအနေ |
| 16 | ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ |
| 17 | ဘဏ်ဝန်ထမ်းများ၏အရည်အသွေးမြင့်မားရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုအခြေအနေ |
| 18 | အာမခံကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်မှုအခြေအနေ |
| 19 | AML/CFT ဆောင်ရွက်မှုအခြေအနေ |
| 20 | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များ |
| 21 | နိဂုံး |
| 22 | ပြင်ပစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ |

# ဥက္ကဋ္ဌ၏ ဥယျာဉ်



> “ လေးစားတန်ဖိုးထားရပါသော ဂုဏ်သရေရှိ အစုရှယ်ယာရှင်များနှင့် မိတ်ဆွေသင်္ဂဟအပေါင်း ဘဏ်နှစ်ပတ်လည်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ”

## ဦးမောင်မောင်သိမ်း
## ဥက္ကဋ္ဌ

ကျွန်တော်တို့ရဲ့ကမ္ဘောဇရတနာဘဏ်ကို ၁၅ ဖေဖော်ဝါရီ ၁၉၉၆ မှာ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမည်ဖြင့် စတင်တည်ထောင်ခဲ့ပြီး ၁ ဇူလိုင် ၂၀၁၃ မှစ၍ ကမ္ဘောဇရတနာဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) အမည်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ရာ ၁၅ ဖေဖော်ဝါရီ ၂၀၂၆ တွင် နှစ်(၃၀) ပုလဲရတုသို့တိုင် အောင်မြင်စွာ ရောက်ရှိနိုင်တော့မည်ဖြစ်ပါသည်။

လက်ရှိတွင် ဘဏ်ခွဲ (၁၇၀) ဘဏ်၊ ဘဏ်ခွဲငယ် (၇) ဘဏ် စုစုပေါင်းဘဏ်ခွဲ (၁၇၇) ဘဏ်အထိ ဖွင့်လှစ်ထားသော်လည်း လက်ရှိဖြစ်ပေါ်နေသော နယ်မြေဒေသလုံခြုံရေးအရ ဘဏ်ခွဲပေါင်း (၃၄) ဘဏ်အား ခေတ္တပိတ်ထားရပါသဖြင့် (၁၄၃) ဘဏ်ဖြင့် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ကြသည့် အများပြည်သူတို့၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ၂၈ မတ် ၂၀၂၅ က အင်အားပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းရှိ ဘဏ်ခွဲအချို့တွင် အဆောက်အဦနံရံများအက်ကွဲခြင်း၊ မျက်နှာကြက်များပြိုကျခြင်းများဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါပျက်စီးမှုများ ရှိခဲ့သော်လည်း ဘဏ်ဝန်ထမ်းများနှင့် Customer များ ထိခိုက်သေဆုံးမှုမရှိခဲ့ပါ။ အဆိုပါငလျင်အန္တရာယ်များ ဖြစ်ပေါ်နေသည့်ကြားမှပင် ဘဏ်၏ Customer များကို အခက်အခဲမရှိ ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်၏ပရဝဏ် ပြင်ပနေရာတွင် ယာယီအဆောက်အအုံများ တည်ဆောက်လျက် ဝန်ထမ်းများမှ စိတ်ရော ကိုယ်ပါကြိုးကြိုးစားစား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် Data Center နှင့် Disaster Recovery များမှာလည်း ပျက်စီးခြင်းမရှိ၍ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကမ္ဘောဇရတနာဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Authorized Dealer Licence ခွင့်ပြုချက်ဖြင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Money Changer Counter များဖွင့်လှစ်၍ USD, EURO, SGD, THAI BAHT, MYR များ ရောင်းချပေးလျက်ရှိပါသည်။ ထို့ပြင် Correspondent Bank (၅) ခုတွင် Nostro Account များဖွင့်လှစ်၍ လည်းကောင်း၊ နိုင်ငံခြားဘဏ် (၄) ခုတွင် အဆက်အသွယ်ဘဏ် RMA တည်ဆောက်၍ လည်းကောင်း၊ Export / Import Services ၊ Bank Guarantee လုပ်ငန်း၊ Trade Finance လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် International Money Transfer လုပ်ငန်းများအား Western Union နှင့်ချိတ်ဆက်၍ နိုင်ငံပေါင်း (၂၀၀) ကျော်သို့ အပြည်ပြည်ဆိုင်ရာ ငွေလွှဲလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ရတနာဘဏ်၏ GTB UnionPay Single Brand Credit Card များကို In-House ထုတ်ပေးနိုင်ခဲ့ခြင်းကြောင့် Hotel, Supermarket များတွင် POS ငွေပေးချေမှုများ၊ Online ငွေပေးချေမှုများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် Internet Banking / Mobile Banking စသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို (24/7) ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ရတနာဘဏ်၏ Product အသစ်ဖြစ်သော GTB Mobile Wallet ဖြစ်သော GTB Pay, GTB Agent, GTB Merchant များဖြင့် Digital Banking ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် GTB Pay Account အချင်းချင်းငွေလွှဲခြင်း၊ GTB Pay, GTB Agent နှင့် ဘဏ်စာရင်းများချိတ်ဆက်ခြင်း၊ အခြားဘဏ်များ၏ MPU Card မှ Wallet Cash In ဆောင်ရွက်ခြင်း၊ GTB Agent များတွင် Wallet Cash In/Cash Out ဆောင်ရွက်ခြင်း၊ ဖုန်းဘေလ်ဖြည့်သွင်းခြင်း၊ Bill Payment ပေးချေခြင်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည့်အပြင် GTB Pay ဖြင့် Denko ဆီဆိုင်များတွင် ငွေပေးချေခြင်းကိုလက်ခံနိုင်သည့် Merchant Acquiring လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်မီတာဘေလ်များကို နိုင်ငံတစ်ဝန်း နေရာဒေသမရွေး ပေးဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အပြင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့/အနောက်)၊ မွန်ပြည်နယ် တို့တွင် GTB Pay ဖြင့် အလွယ်တကူ ပေးဆောင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ MyanmarPay (MMQR) သို့ ဝင်ရောက်အကောင်အထည် ဖော်နိုင်ရန်အတွက် Software, Hardware နှင့် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိပါသည်။

Compliance Department မှလည်း AML/CFT ဆိုင်ရာ မူဝါဒ လုပ်ထုံးလုပ်နည်းများအား ဝန်ထမ်းများ သိရှိနားလည်စေရန် ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်စေရန် လက်စွဲစာအုပ်နှင့် အိတ်ဆောင်စာစောင်များ ဖြန့်ဝေပေးခဲ့သည့်အပြင် AML/CFT ဆိုင်ရာ အသိပညာမြှင့်တင်ရေး Zoom-Meeting စနစ်ဖြင့် ဌာနများနှင့်ဘဏ်ခွဲများသို့ သင်တန်းပို့ချဆွေးနွေးခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သော COVID-19 ရောဂါကို ကာကွယ်နိုင်ရန် ဘဏ်ဝန်ထမ်းများအား ကာကွယ်ဆေး အခမဲ့ထိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပြီး ဝန်ထမ်းများမှ ထိုးနှံလျက်ရှိပါသည်။

ကမ္ဘာ့ရတနာဘဏ် အနေဖြင့် CSR လုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ရတနာနှလုံးသား လူမှုအကျိုးပြုအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရေဘေးဒုက္ခ၊ ငလျင်ဘေးဒုက္ခ ကြုံတွေ့ခဲ့ရသော ဒေသများသို့ အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခြင်း၊ ဆင်းရဲနွမ်းပါး လူနာများကို ဆေးကုသစရိတ်ထောက်ပံ့ခြင်း၊ ပရဟိတလုပ်ငန်းများ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကျပ် (၁၇၀.၈) သန်းကို လှူဒါန်းခဲ့ပြီး အစီရင်ခံကာလအထိ ငွေကျပ် (၁,၀၀၉.၂) သန်းကျော် လှူဒါန်းခဲ့ပါသည်။

ထို့ပြင် တစ်ဖက်တွင်လည်း ဘဏ်၏ ခေတ်မီနည်းပညာတိုးတက်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ရတနာဘဏ်၏ ဆောင်ပုဒ် ဖြစ်သော “သင့်ရည်မှန်းချက် အောင်မြင်ရေး၊ GTB မှဖြည့်ဆည်းပေး” “Your Dream Your Success, Global Treasure Bank” ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းဘဏ်လုပ်ငန်း နှင့် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများတွင် ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ်သို့ ရောက်ရှိရန် အလေးအနက်ယုံကြည်ပါကြောင်း ဆန္ဒပြုအပ်ပါသည်။

**ကျေးဇူးတင်စွာဖြင့်**

**မောင်မောင်သိမ်း**
ဥက္ကဋ္ဌ
ကမ္ဘာ့ရတနာဘဏ်
(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

## ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်

# ကမ္ဘောဇရတနာဘဏ်

# (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

# (၃၀)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

## နိဒါန်း

၁။ အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် တည်ထောင်ရန် ၆ ဖေဖော်ဝါရီ ၁၉၉၆ တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၃၇၅ / ၁၉၉၅-၁၉၉၆) ဖြင့်ခွင့်ပြုခဲ့ပြီး၊ ၁၉၉၀ ပြည့်နှစ် ပြဋ္ဌာန်းသော မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လိုင်စင်အမှတ်၊ မဗဘ/ပီ-၁၅/(၂)၉၆ ဖြင့် ၁၅ ဖေဖော်ဝါရီ ၁၉၉၆ တွင် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် အမည်ဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

၂။ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား ၁၅ ဖေဖော်ဝါရီ ၁၉၉၆ တွင် စတင်တည်ထောင်ဖွင့်လှစ်စဉ် (ကုန်သွယ်ရေးဝန်ကြီးဌာန) (ယခု - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) ကွပ်ကဲမှုအောက်တွင် စတင်တည်ထောင်ခဲ့ပြီး ၁ ဇန်နဝါရီ ၁၉၉၉ တွင် လုပ်ငန်းသဘောသဘာဝနှင့် ဆက်စပ်မှုရှိရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ကွပ်ကဲမှု အောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဘဏ်၏လုပ်ငန်းဆောင်တာအဝဝကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁ ဇူလိုင် ၂၀၁၃ မှစ၍ ကမ္ဘောဇရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) အမည်သို့ ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၄၆၀၂၄၀၈)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လိုင်စင်အမှတ်၊ မဗဘ/ ပဘ (အာရ်) -၂၂ /၀၈/၂၀၁၆ ၊ ၁၈ ဩဂုတ် ၂၀၁၆ တို့ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဘဏ်အနေဖြင့် သက်တမ်းရလာသည်နှင့်အမျှ အများပြည်သူတို့၏ ယုံကြည်ကိုးစားမှုရလာသည့်အလျောက် အပ်ငွေများ တိုးတက်ရရှိလာပြီး တိုးတက်ရရှိလာသော အပ်ငွေများအား ဘဏ်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုသည့် သားငါးကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းအစရှိသည့် စီးပွားရေးလုပ်ငန်း အသီးသီးသို့ ခိုင်မာသောချေးငွေများ ထုတ်ချေးခဲ့ပါသည်။

၄။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် နယ်မြေဒေသလုံခြုံရေးအရ ဘဏ်ခွဲပေါင်း (၁၄) ဘဏ်အား ခေတ္တပိတ်ထား ရသော်လည်း (၁၄၃) ဘဏ်ဖြင့် Customer များအား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် ၂၈ မတ် ၂၀၂၅ က အင်အားပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းရှိ ဘဏ်ခွဲအချို့တွင် အနည်းငယ်ပျက်စီးမှုများရှိခဲ့သော်လည်း Customer များအား အခက်အခဲမရှိ ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ ကမ္ဘောဇရတနာဘဏ်သည် ဌာနကြီး (၁၆) ခုထိ တိုးချဲ့ဖွင့်လှစ်ပြီး လုပ်ငန်းများ ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခင် ၁၉၉၉ ခုနှစ်ကာလက ဘဏ်ခွဲ (၄) ခု သာရှိရာမှ ယခုအခါ ဘဏ်ခွဲ (၁၇၇) ဘဏ်အထိ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘဏ်ဝန်ထမ်းများ အတွေ့အကြုံနှင့် ဘဏ်လုပ်ငန်း

ပညာရပ်များ အသိပညာတိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းမှ စီစဉ်သောသင်တန်းများ စေလွှတ် တက်ရောက်စေခြင်း၊ ဘဏ်တွင်းဖွင့်လှစ်သော မွမ်းမံသင်တန်းများ (Information Technology) ပိုင်းဆိုင်ရာ နည်းပညာ သင်တန်းများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာသင်တန်းများ၊ Channel Banking ဌာနမှ ဆောင်ရွက်လျက်ရှိသော GTB Mobile Wallet ဆိုင်ရာ နည်းပညာသင်တန်းများကိုလည်း စဉ်ဆက်မပြတ် သင်ကြားပို့ချပေးလျက် ဘဏ်ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါ သည်။

၆။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ရတနာဘဏ်၏ GTB Mobile Wallet ဖြစ်သော GTB Pay, GTB Agent, GTB Merchant များဖြင့် Digital Banking ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ GTB Pay ဖြင့် GTB Pay Account အချင်းချင်း ငွေလွှဲခြင်း၊ GTB Pay, GTB Agent များသည် သက်ဆိုင်ရာဘဏ်စာရင်းများနှင့် ချိတ်ဆက်ပြီး Wallet Cash In/ Cash Out ဆောင်ရွက်နိုင်ခြင်း၊ အခြားဘဏ်များ၏ MPU Card များမှလည်းကောင်း၊ GTB Agent များတွင် ငွေသားပေးသွင်း၍ လည်းကောင်း၊ Wallet Cash In ဆောင်ရွက်နိုင်ခြင်းနှင့် GTB Agent များတွင် Wallet Cash Out ဖြင့် ငွေသားထုတ်ယူနိုင်ခြင်း၊ နိုင်ငံတစ်ဝန်း နေရာဒေသမရွေး လျှပ်စစ်မီတာဘေလ်များ ပေးဆောင်နိုင်ခြင်း၊ ဖုန်းဘေလ်ဖြည့်သွင်းခြင်းနှင့် Bill Payment များ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

၇။ ကမ္ဘာ့ရတနာဘဏ် ပြင်ပစာရင်းစစ်အဖွဲ့အနေဖြင့် ICOP Sein Win & Associates Company Limited နှင့်အဖွဲ့အား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ စာရင်းစစ်အဖွဲ့အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ကမ္ဘာ့ရတနာဘဏ်ကို အများနှင့်သက်ဆိုင်သော ဘဏ် (Public Bank) အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သဖြင့် ဘဏ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့နှင့်အညီ နှစ်စဉ် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းအားလုံးကို ဒါရိုက်တာအဖွဲ့က အစီရင်ခံစာရေးသားပြုစုပြီး အစုရှယ်ယာရှင် အားလုံးထံသို့ နှစ်စဉ်တင်ပြခဲ့ပါသည်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အစုရှယ်ယာရှင်များက ရွေးချယ် တင်မြှောက်ထားသော ဘဏ်ဒါရိုက်တာအဖွဲ့မှ အတည်ပြု ခန့်အပ်ပေးထားသည့် စာရင်းစစ်အဖွဲ့ဝင်များနှင့် ပြင်ပစာရင်းစစ် ICOP Sein Win & Associates Company Limited - အဖွဲ့တို့၏ စစ်ဆေးတွေ့ရှိချက်များကို ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားပါသည်။

၈။ "သင့်ရည်မှန်းချက်အောင်မြင်ရေး၊ GTB မှ ဖြည့်ဆည်းပေး" "Your Dream Your Success, Global Treasure Bank" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ရတနာဘဏ်မှ Customer များ၏ လိုအပ်ချက်များကို စိတ်ကျေနပ်မှုရရှိစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# ကမ္ဘာ့ရတနာဘဏ်လီမိတက်၏
# ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အမည်စာရင်း



**ဦးမောင်မောင်သိမ်း**
ဥက္ကဋ္ဌ



**ဦးကိုကိုအောင်**
အမှုဆောင်အရာရှိချုပ်



**ဦးဇော်မင်း**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးညွန့်ဆွေ**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးမြတ်ထွန်းကျော်**
ဒါရိုက်တာအဖွဲ့ဝင်



**ဒေါ်သွယ်သွယ်နိုင်**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးခင်မောင်ကျော်**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးငွေအောင်**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးအောင်မျိုးဇော်**
ဒါရိုက်တာအဖွဲ့ဝင်



**ဦးအောင်မြင့်**
ဒါရိုက်တာအဖွဲ့ဝင်



**ဒေါ်ကျူးကျူး**
ဒါရိုက်တာအဖွဲ့ဝင်



**ဒေါ်သန်းသန်းစု**
ဒါရိုက်တာအဖွဲ့ဝင်



**ဒေါ်ခင်ဇော်ဝင်း**
Independent Director



**ဒေါ်သန်းသန်းရီ**
Independent Director

## စီမံခန့်ခွဲမှုကော်မတီများ

၉။ ကမ္ဘာ့ရတနာဘဏ်၏ ၁ အောက်တိုဘာ ၂၀၂၄ တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄-၂၀၂၅) ဆုံးဖြတ်ချက်ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအခန်း (၁၀)၊ ပုဒ်မ(၇၅)၊ ပုဒ်မခွဲ(က)အရ အောက်ပါကော်မတီ(၅)ခုဖြင့် ဖွဲ့စည်းတာဝန်ပေးထားပါသည် -

### (က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ

| | | |
|---|---|---|
| (၁) ဒေါ်သန်းသန်းရီ | သီးခြားလွတ်လပ်သောဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| (၂) ဦးအောင်မျိုးဇော် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) ဒေါ်သန်းသန်းစု | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) ဦးခင်မောင်ကျော် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၅) ဦးကိုကိုအောင် | ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

### (ခ) ချေးငွေကော်မတီ

| | | |
|---|---|---|
| (၁) ဦးညွန့်ဆွေ | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် |
| (၂) ဦးအောင်မြင့် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) ဒေါ်ကျူးကျူး | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) ဒေါ်သန်းသန်းစု | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၅) ဒေါ်သွယ်သွယ်နိုင် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၆) ဦးကိုကိုအောင် | ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

### (ဂ) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲရေးကော်မတီ

| | | |
|---|---|---|
| (၁) ဦးဇော်မင်း | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် |
| (၂) ဦးခင်မောင်ကျော် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) ဒေါ်ကျူးကျူး | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) ဒေါ်သွယ်သွယ်နိုင် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၅) ဦးအောင်မြင့် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၆) ဦးငွေအောင် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၇) ဦးကိုကိုအောင် | ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

### (ဃ) စာရင်းစစ်ကော်မတီ

| | | |
|---|---|---|
| (၁) ဒေါ်ခင်ဇော်ဝင်း | သီးခြားလွတ်လပ်သောဒါရိုက်တာ | အဖွဲ့ခေါင်းဆောင် |
| (၂) ဦးစိုးဝင်း | စာရင်းစစ်ကော်မတီ | အဖွဲ့ဝင် |
| (၃) ဦးတင်ငွေ | စာရင်းစစ်ကော်မတီ | အဖွဲ့ဝင် |
| (၄) ဒေါ်အေးအေးဝင်း | စာရင်းစစ်ကော်မတီ | အဖွဲ့ဝင် |

### (င) လစာချီးမြှင့်ရေးကော်မတီ

| | | |
|---|---|---|
| (၁) ဦးမြတ်ထွန်းကျော် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် |
| (၂) ဒေါ်သွယ်သွယ်နိုင် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) ဦးအောင်မြင့် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၄) ဦးငွေအောင် | ဒါရိုက်တာအဖွဲ့ဝင် | အဖွဲ့ဝင် |
| (၅) ဦးကိုကိုအောင် | ဒါရိုက်တာအဖွဲ့ဝင်/အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

GLOBAL TREASURE BANK

## အမှုဆောင်အရာရှိချုပ်



## ဘဏ်၏မတည်ငွေရင်း

၁၀။ ဘဏ်၏ ခွင့်ပြုချက်မတည်ငွေရင်းမှာ ကျပ်သန်းပေါင်း (၇၀,၀၀၀) ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၀,၀၀၀) ဖြင့် အစုရှယ်ယာပေါင်း (၇,၀၀၀,၀၀၀) သတ်မှတ်ထားပါသည်။ ပုဂ္ဂိုလ်တစ်ဦး (သို့) စီးပွားရေးအဖွဲ့အစည်းတစ်ရပ် ပိုင်ဆိုင်ခွင့်ရှိသော အစုရှယ်ယာအရေအတွက်ကို ခွင့်ပြုမတည်ငွေရင်း၏ (၅%) အထိ ပိုင်ဆိုင်နိုင်ခွင့်ရှိပြီး အနည်းဆုံး အစုရှယ်ယာစောင်ရေ (၃၀,၀၀၀)၊ တန်ဖိုး ကျပ်သန်း (၃၀၀)နှင့်အထက် ဝယ်ယူပိုင်ဆိုင်ထားသူသည် ဘဏ်ဒါရိုက်တာအဖြစ် ရွေးချယ်ခံနိုင်ခွင့်ရှိပါသည်။ ၃၁ မတ် ၂၀၂၅ အထိ အပြည့်အဝထည့်ဝင်ပြီး အစုရှယ်ယာအရေအတွက်မှာ (၆,၂၄၃,၆၅၀) ဖြစ်ပြီး အစုရှယ်ယာတန်ဖိုးမှာ ကျပ် (၆၂,၄၃၆.၅) သန်း ဖြစ်ပါသည်။

| စဉ် | ရှယ်ယာအရေအတွက် | ရှယ်ယာရှင် အရေအတွက် | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|
| ၁ | ၁ မှ ၁၀၀ | ၂၆၄ | ၁၉၄,၅၀၀,၀၀၀ |
| ၂ | ၁၀၁ မှ ၅၀၀ | ၂၀၄ | ၆၃၈,၀၀၀,၀၀၀ |
| ၃ | ၅၀၁ မှ ၁,၀၀၀ | ၁၁၃ | ၉၁၈,၅၀၀,၀၀၀ |
| ၄ | ၁,၀၀၁ မှ ၃,၀၀၀ | ၁၅၄ | ၂,၇၉၇,၀၀၀,၀၀၀ |
| ၅ | ၃,၀၀၁ မှ ၅,၀၀၀ | ၅၂ | ၂,၁၃၈,၅၀၀,၀၀၀ |
| ၆ | ၅,၀၀၁ မှ ၁၀,၀၀၀ | ၄၄ | ၃,၄၁၇,၀၀၀,၀၀၀ |
| ၇ | ၁၀,၀၀၁ မှ ၃၀,၀၀၀ | ၄၁ | ၇,၃၇၁,၀၀၀,၀၀၀ |
| ၈ | ၃၀,၀၀၁ အထက် | ၅၀ | ၄၄,၉၆၂,၀၀၀,၀၀၀ |
| | စုစုပေါင်း | ၉၂၂ | ၆၂,၄၃၆,၅၀၀,၀၀၀ |



| | ၁ မှ ၁၀၀ | ၁၀၁မှ ၅၀၀ | ၅၀၁မှ ၁,၀၀၀ | ၁,၀၀၁မှ ၃,၀၀၀ | ၃,၀၀၁မှ ၅,၀၀၀ | ၅,၀၀၁မှ ၁၀,၀၀၀ | ၁၀,၀၀၁မှ ၃၀,၀၀၀ | ၃၀,၀၀၁ အထက် |
|---|---|---|---|---|---|---|---|---|
| ရှယ်ယာရှင် အရေအတွက် | ၂၆၄ | ၂၀၄ | ၁၁၃ | ၁၅၄ | ၅၂ | ၄၄ | ၄၁ | ၅၀ |
| ရှယ်ယာတန်ဖိုး(ကျပ်) | ၁၉၄,၅၀၀,၀၀၀ | ၆၃၈,၀၀၀,၀၀၀ | ၉၁၈,၅၀၀,၀၀၀ | ၂,၇၉၇,၀၀၀,၀၀၀ | ၂,၁၃၈,၅၀၀,၀၀၀ | ၃,၄၁၇,၀၀၀,၀၀၀ | ၇,၃၇၁,၀၀၀,၀၀၀ | ၄၄,၉၆၂,၀၀၀,၀၀၀ |




| | 2020-21 | 2021-22 | 2022-23 | 2023-24 | 2024-25 |
|---|---|---|---|---|---|
| အစုအရေအတွက် | 6,243,650 | 6,243,650 | 6,243,650 | 6,243,650 | 6,243,650 |
| တန်ဖိုး(ကျပ်သန်း) | 62,436.5 | 62,436.5 | 62,436.5 | 62,436.5 | 62,436.5 |

## ကမ္ဘောဇရတနာဘဏ်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေများခွဲဝေခြင်း

၁၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်သို့ ဝင်ငွေခွန် ကျပ် (၂၉.၅၅) သန်း ပေးဆောင်ပြီးနောက် အောက်ပါအတိုင်း ရန်ပုံငွေများ ခွဲဝေထားပါသည် -

### က အထွေထွေသီးသန့်ရန်ပုံငွေ (General Reserve)

ဥပဒေအရ နှစ်အလိုက် ဘဏ်မှရရှိသော အမြတ်၏ (၂၅%) ဖြစ်သော ကျပ် (၂၆.၁၉) သန်းကို အထွေထွေသီးသန့်ရန်ပုံငွေအဖြစ် လျာထားခဲ့ပါသည်။ ယခုဘဏ္ဍာနှစ်အထိ စုစုပေါင်းအထွေထွေသီးသန့် ရန်ပုံငွေမှာ ကျပ် (၂၄,၉၆၉.၆၇) သန်း ဖြစ်ပါသည်။

### ခ ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေ (Bad and Doubtful Debts)

ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေအရ ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေကို ဘဏ္ဍာနှစ်ကုန်ဆုံးသည့်နေ့ရှိ ဘဏ်မှ ထုတ်ချေးထားသည့် ငွေ၏ (၂%) ကိုပြည့်မီရန် လျာထားရပါသည်။ ယခုဘဏ္ဍာနှစ်အထိ ကြွေးဆုံးပယ်ဖျက်မှုရန်ပုံငွေမှာ (၂%) ပြည့်မီလျက်ရှိပြီး ယခုအထိစုစုပေါင်း ကြွေးဆုံးပယ်ဖျက်မှု ရန်ပုံငွေလက်ကျန်မှာ ကျပ် (၁၂,၃၆၁.၃၅) သန်း ဖြစ်ပါသည်။

## ဂ

### အရေးပေါ်သီးသန့်ရန်ပုံငွေ (Reserve for Contingency)

ပုဂ္ဂလိကဘဏ်တိုင်းသည် အရေးပေါ်ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေကို ဘဏ်၏အမြတ်ပေါ်မူတည်၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေထည့်သွင်းသွားရန် ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ ယခုဘဏ္ဍာနှစ်အတွင်း ဤရန်ပုံငွေအတွက် ကျပ်သန်း (၅၀) လျာထားခဲ့ပါသည်။ (၂)နှစ်ကျော်၍ လာရောက်ထုတ်ယူခြင်းမရှိသည့် ငွေလွှဲကျပ် (၁.၂၅) သန်းနှင့် (၁၀)နှစ် ဆက်တိုက် အသွင်းအထုတ် ပြုလုပ်ခြင်းမရှိသည့် အပ်ငွေစာရင်း ကျပ် (၁,၀၀၃.၂၂) သန်းကို ထည့်သွင်းထားသဖြင့် ယခုထိ စုစုပေါင်းအရေးပေါ်သီးသန့်ရန်ပုံငွေမှာ ကျပ် (၃,၈၁၈.၂၉) သန်းဖြစ်ပါသည်။

## ဃ

### အာမခံလျော့နည်းငွေ (Shortfall in the Value of Securities)

အာမခံလျော့နည်းမှုအပေါ် ယခုဘဏ္ဍာနှစ်အတွင်း ဤရန်ပုံငွေအတွက် ကျပ်သန်း (၂၀၀) လျာထားခဲ့ပါသည်။ စုစုပေါင်းလျာထားငွေ လက်ကျန်မှာ ကျပ် (၄,၅၆၈.၅၃) သန်းဖြစ်ပါသည်။

## င

### အမြတ်ငွေလက်ကျန် (Profit or Loss)

ရှေ့နှစ်သို့ သယ်ဆောင်သွားရမည့် အမြတ်ငွေမှာ ကျပ် (၂၈.၅၇) သန်းဖြစ်ပါသည်။

## ဘဏ်၏ ပုံသေပိုင်ပစ္စည်းများအခြေအနေ

၁၂။ ကမ္ဘောဇရတနာဘဏ်၏ ပုံသေပိုင်ပစ္စည်းများပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

### (က) Tangible Assets (Property, Plant & Equipment)

| | | | |
|---|---|---|---|
| (၁) | မြေ | - | ကျပ် (၂၅,၀၂၆.၇၉) သန်း |
| (၂) | အဆောက်အဦ | - | ကျပ် (၂၅,၈၅၄.၀၄) သန်း |
| (၃) | စက်ပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများ | - | ကျပ် (၃,၅၄၃.၄၇) သန်း |
| (၄) | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ကျပ် (၁,၈၀၆.၀၇) သန်း |
| (၅) | မော်တော်ယာဉ် | - | ကျပ် (၆၄၀.၉၅) သန်း |
| (၆) | ပရိဘောဂပစ္စည်းများ | - | ကျပ် (၃၇၉.၇၅) သန်း |
| (၇) | မြေပြုပြင်ခြင်း (Land Improvement) | - | ကျပ် (၄၀၅.၄၅) သန်း |
| | စုစုပေါင်း | - | ကျပ် (၅၇,၆၅၆.၅၂) သန်း |

### (ခ) Intangible Assets (Software) - ကျပ် (၃,၃၂၉.၆၅) သန်း

## နှစ်အလိုက်ဘဏ်၏အမြတ်ငွေအပေါ် အခွန်ထမ်းဆောင်မှု

၁၃။ ကမ္ဘောဇဘဏ်၏ အမြတ်ငွေအပေါ် နိုင်ငံတော်သို့ အခွန်ထမ်းဆောင်မှုအခြေအနေများအား ဘဏ္ဍာနှစ်အလိုက် အောက်ပါအတိုင်း တင်ပြအပ်ပါသည် -




## ဘဏ်၏ဘဏ္ဍာနှစ်အလိုက်အပ်ငွေအခြေအနေ

၁၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ အပ်နှံငွေအခြေအနေများကို ဂရပ်ဖြင့် ဖော်ပြထားပါသည် -

### ဘဏ္ဍာနှစ်အလိုက် အပ်ငွေအခြေအနေပြဂရပ်



## ကမ္ဘာ့ရတနာဘဏ်၏ ငွေကြေးခိုင်မာမှုအခြေအနေ

၁၅။ ကမ္ဘာ့ရတနာဘဏ်၏ အောက်တွင်ဖော်ပြထားသော ကိန်းဂဏန်း အမျိုးအစားအလိုက် ရာခိုင်နှုန်းအချိုးများကို ကြည့်ခြင်းအားဖြင့် ငွေကြေးအခြေအနေနှင့် ပတ်သက်၍ ခိုင်မာမှုရှိကြောင်း တင်ပြအပ်ပါသည် -

| | | |
|---|---|---|
| (က) | မတည်ငွေရင်းလုံလောက်မှုအချိုး (Capital Adequacy Ratio) | |
| | (၁) အနည်းဆုံးအလွှာ(၁)မတည်ငွေရင်းလုံလောက်မှုအချိုး (Tier - 1 Capital Ratio) | ၁၀.၆၉% |
| | (၂) စုစုပေါင်းမတည်ငွေရင်းလုံလောက်မှုအချိုး (Regulatory Capital Adequacy Ratio) | ၁၁.၉၄% |
| (ခ) | ငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio) | ၃၉.၅၇% |
| (ဂ) | လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေများနှင့် စာရင်းရှင်အပ်ငွေအချိုး (Cash & Cash Equivalent To Demand Deposit Ratio) | ၃၉၅.၀၀% |
| (ဃ) | လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေများနှင့် အချိန်ပိုင်းအပ်ငွေအချိုး (Cash & Cash Equivalent To Time Deposit Ratio) | ၅၁.၀၀% |
| (င) | စုစုပေါင်းချေးငွေနှင့် စုစုပေါင်းအပ်ငွေတို့၏အချိုး (Loans To Deposits Ratio) | ၈၄.၀၀% |
| (စ) | အစုရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုး (Total Shareholders' Equity) | ကျပ် (၁၁၃,၇၈၅.၃၉) သန်း |

## ရှင်းလင်းချက်

**(က)**

အမှတ်စဉ်(က)(၁) ရှိ အနည်းဆုံးအလွှာ(၁)မတည်ငွေရင်း လုံလောက်မှုအချိုး (Tier – 1 Capital Ratio) တွင် မတည်ငွေရင်း (ထည့်ဝင်ပြီးမတည်ငွေ + သီးသန့်ရန်ပုံငွေနှင့်အမြတ်) စုစုပေါင်းကျပ် (၆၈,၃၄၅.၉၅) သန်းပေါ်ကို ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်တန်ဖိုးကျပ် (၆၃၉,၂၁၅.၅၅) သန်းတို့၏ အချိုးကိုတွက်ချက်ခြင်းအားဖြင့် (၁၀.၆၉%) ရရှိပါသည်။ ထိုအချိုးမှာ အနည်းဆုံး (၄%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့်အချိုး ပြည့်မီပါသည်။ အမှတ်(က)(၂)ရှိ စုစုပေါင်းမတည်ငွေရင်း လုံလောက်မှုအချိုး (Regulatory Capital Adequacy Ratio) တွင် (ထည့်ဝင်ပြီးမတည်ငွေ + သီးသန့်ရန်ပုံငွေ + အမြတ် + ချေးငွေဆုံးရှုံးနိုင်ခြေအတွက် အထွေထွေလျာထားခြင်း) စုစုပေါင်းကျပ် (၇၆,၃၃၆.၁၅) သန်းပေါ်ကို ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်တန်ဖိုးကျပ် (၆၃၉,၂၁၅.၅၅) သန်းတို့၏ အချိုးကိုတွက်ချက်ခြင်းအားဖြင့် (၁၁.၉၄%) ရရှိပါသည်။ ထိုအချိုးမှာ အနည်းဆုံး (၈%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့်အချိုး ပြည့်မီပါသည်။

(ခ)

အမှတ်စဉ်(ခ)တွင် ၃၁ မတ် ၂၀၂၅ ရှိ ငွေကြေးလွယ်ကူမှုအချိုးသည် ဘဏ်၏ အသားတင်ငွေ ဖြစ်လွယ်သော ရပိုင်ခွင့်များ ကျပ် (၃၀၄,၈၇၂.၆၆) သန်းပေါ်တွင် စုစုပေါင်းပေးရန်တာဝန် မြင့်မားမှုများ ကျပ် (၇၇၀,၅၄၁.၆၃) သန်း တို့၏ အချိုး (၃၉.၅၇%) ဖြစ်၍ ဗဟိုဘဏ်၏ သတ်မှတ်ချက် (၂၀%) ပြည့်မီပါသည်။

(ဂ)

အမှတ်စဉ်(ဂ)တွင် လက်ဝယ်ရှိငွေနှင့် အလားတူပိုင်ဆိုင်ငွေကျပ် (၂၉၀,၇၃၄.၄၆) သန်းနှင့် စာရင်းရှင်အပ်ငွေ ကျပ် (၇၃,၅၅၂.၃၉) သန်းတို့ကိုတွက်ချက်၍ ရရှိသောအချိုးမှာ (၃၉၅.၀၀%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသော (၁၀%) ပြည့်မီပါသည်။

(ဃ)

အမှတ်စဉ်(ဃ)တွင် လက်ဝယ်ရှိငွေနှင့် အလားတူ ပိုင်ဆိုင်ငွေကျပ် (၂၉၀,၇၃၄.၄၆) သန်းနှင့် အချိန်ပိုင်းအပ်ငွေ ကျပ် (၅၇၃,၂၂၀.၅၅) သန်းတို့ကိုတွက်ချက်၍ ရရှိသောအချိုးမှာ (၅၁.၀၀%) ဖြစ်၍ ဗဟိုဘဏ်မှ သတ်မှတ်ထားသော (၁၀%) ပြည့်မီပါသည်။

(င)

အမှတ်စဉ်(င)တွင် စုစုပေါင်းချေးငွေကျပ် (၅၄၂,၉၁၆.၂၀) သန်းဖြစ်၍ စုစုပေါင်းအပ်ငွေမှာ ကျပ် (၆၄၆,၇၇၂.၉၄) သန်း ဖြစ်သဖြင့် Loans To Deposits Ratio မှာ (၈၄.၀၀%) ရှိပါသည်။

(စ)

အမှတ်စဉ်(စ)တွင် အစုရှယ်ယာရှင်များသည် အစုရှယ်ယာတစ်စုအတွက် တန်ဖိုးကျပ် (၁) သောင်း ပိုင်ဆိုင်သဖြင့် ယခုဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော တန်ဖိုးစုစုပေါင်းမှာ ကျပ် (၁၁၃,၇၈၅.၃၉) သန်း ဖြစ်သောကြောင့် အစုရှယ်ယာရှင်အရေအတွက် (၆,၂၄၃,၆၅၀) ရှိသဖြင့် အစုရှယ်ယာတစ်စုလျှင် ကျပ် (၁၈,၂၂၄.၁၈) တန်ဖိုးရှိနေပြီး ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအမျိုးအစားအလိုက် ရာခိုင်နှုန်းများမှာ သတ်မှတ်ထားသော ရာခိုင်နှုန်းထက် ကျော်လွန်နေပါသဖြင့် ဘဏ်၏ ငွေရေးကြေးရေးအခြေအနေမှာ ခိုင်မာမှုရှိကြောင်း တင်ပြအပ်ပါသည်။

## Products and Services

၁၆။ ကမ္ဘာ့ရတနာဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိသော အပ်ငွေ/ချေးငွေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

### (က) အပ်ငွေအမျိုးအစားများ

ကမ္ဘာ့ရတနာဘဏ်၏ အဓိကဘဏ်လုပ်ငန်းထုတ်ကုန် Product တစ်မျိုးဖြစ်သည့် Deposit Products (အပ်ငွေစာရင်း) များကို အသုံးပြုသူ Customer များ၏ လိုအပ်ချက်များအပေါ် မူတည်ပြီး Savings Deposit, Call Deposit, Current Deposit, Fixed Deposit စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အခါအားလျော်စွာ အထူးပရိုမိုးရှင်း အစီအစဉ်ဖြင့် ပုံမှန်အတိုးနှုန်းထက်ပိုပေးပြီး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

#### ၁ Savings Deposit (ငွေစုဘဏ်အပ်ငွေအမျိုးအစားများ)

- ✓ Savings Deposit-Customer
- ✓ Savings Deposit-Other Bank
- ✓ Special Savings Deposit-Customer
- ✓ Special Savings Deposit-Other Bank

#### ၂ Call Deposit (ခေါ်ယူအပ်ငွေစာရင်းများ) နေ့စဉ်အတိုးတွက်ချက်ပေးသည့်စာရင်းများ

- ✓ Call Deposit-Customer
- ✓ Call Deposit-Other Bank
- ✓ Special Call Deposit-Customer
- ✓ Special Call Deposit-Other Bank
- ✓ Anniversary Special Call Deposit Pro-Customer

#### ၃ Current Deposit (စာရင်းရှင်စာရင်းများ)

- ✓ Current Deposit Customer-MMK
- ✓ Current Deposit Customer (FCY)
- ✓ Current Deposit Other Bank (FCY)
- ✓ Current Deposit Other Bank
- ✓ Special Current Deposit Customer

#### ၄ Fixed Deposit (အချိန်ပိုင်းအပ်ငွေစာရင်းများ) အတိုးကြိုယူ

- ✓ Fixed Deposit-Customer
- ✓ Special Fixed Deposit-Customer
- ✓ Fixed Deposit-Other Bank
- ✓ Special Fixed Deposit-Other Bank
- ✓ Anniversary Special Fixed Deposit Pro-Customer
- ✓ Weekly Special Deposit Promotion-Customer
- ✓ Pearl Jubilee Special Fixed Deposit-Customer

## (ခ) ချေးငွေအမျိုးအစားများ

ကမ္ဘာ့ရတနာဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲများမှတစ်ဆင့် ဈေးကွက်ထဲသို့ ချေးငွေဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဘဏ်အနေနှင့်ဆောင်ရွက်နေသော ချေးငွေဝန်ဆောင်မှုများကို Corporate နှင့် Consumer ဟူ၍ (၂) ပိုင်း ခွဲခြားပြီး ချေးငွေအမျိုးအစား တစ်ခုချင်းစီကို အောက်ပါအတိုင်း ထုတ်ချေးလျက်ရှိပါသည် -

### (၁) စာရင်းပိုထုတ်ချေးငွေ (Overdraft Loan)

ဘဏ်အနေဖြင့် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်သုံးစွဲငွေ (Working Capital) လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်နေသော ငွေချေးယူလိုသည့် သုံးစွဲသူများကို စာရင်းပိုထုတ်ချေးငွေ (Overdraft Loan) အား အခါအားလျော်စွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးပါသည်။

### (၂) ကာလသတ်မှတ်ချက်ချေးငွေ (Term Loan)

ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၄ နိုဝင်ဘာ ၂၀၁၇ ပါ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇) အရ စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းထပ်မံတိုးချဲ့ရန်နှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် (Term Loan) ချေးငွေကို သက်တမ်း (၃) နှစ်ဖြင့် ထုတ်ချေးပါသည်။ ၎င်း Term Loan အား နှစ်စဉ် တစ်လုံးတစ်ခဲတည်း အနေဖြင့်ဖြစ်စေ ပထမအကြိမ် ပထမနှစ်တွင် အရင်း၏ (၂၀%)၊ ဒုတိယနှစ်တွင် အရင်း၏ (၂၀%) နှင့် နောက်ဆုံး (၃) နှစ်ပြည့်ချိန်တွင် (၆၀%) ကျန်ငွေအား အပြေအကြေပြန်လည် ပေးဆပ်ရပါသည်။

### (၃) အာမခံမဲ့ချေးငွေ (Unsecured Loan)

ဘဏ်သည် မေ ၂၀၂၀ မှစ၍ လုပ်ငန်းအသစ်အဖြစ်တိုးချဲ့၍ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အာမခံမဲ့ ချေးငွေ (Unsecured Loan) လုပ်ငန်းအား ဗဟိုဘဏ်၏ လိုအပ်သလို ပြောင်းလဲပြင်ဆင်သည့် အတိုးနှုန်း ညွှန်ကြားချက်နှင့်အညီ သက်တမ်းကာလ (၁) နှစ်ဖြင့် ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ ယခင် Term Loan အာမခံပစ္စည်းအပေါ်တွင် ခွင့်ပြုထားသော ချေးငွေအပြင် Customer မှထပ်မံ၍ လုပ်ငန်းတိုးချဲ့ရန်နှင့် အရင်းအနှီးထည့်ဝင်လို၍ လျှောက်ထားလာခြင်းအပေါ် ထပ်မံထုတ်ချေးပေးလျက်ရှိပါသည်။

### (၄) စီမံကိန်းချေးငွေ (Project Loan)

ပြည်ထောင်စု (သို့) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော တင်ဒါလုပ်ငန်း များအပေါ် လုပ်ကိုင်ခွင့်ရကုမ္ပဏီများနှင့် ဆောင်ရွက်ခွင့်ရ Customer များအပေါ် ဘဏ်(ရုံးချုပ်)၏ စိစစ် ခွင့်ပြုချက်ဖြင့် စီမံကိန်းချေးငွေ (Project Loan) များကို ချေးငွေဌာန၏ ညွှန်ကြားချက်များ၊ မူဝါဒများချမှတ်၍ ထုတ်ချေးလျက်ရှိပါသည်။

### (၅) ပြည်သူ့ဝန်ထမ်းချေးငွေ (Government Staff Loan)

ဘဏ်သည် ဇူလိုင်လဆန်း ၂၀၁၇ တွင် ဘဏ်၏ဝင်ငွေရရှိရေး လုပ်ငန်းတစ်ရပ်ဖြစ်သော ပြည်သူ့ဝန်ထမ်းများ (ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ) အား လစာ၏ (၃) ဆနှုန်းဖြင့် ဘဏ်ခွဲ၊ နယ်မြေများရှိ ပြည်သူ့ဝန်ထမ်းများ (ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ) ကိုထုတ်ချေးခဲ့ပါသည်။

## (၆) ဈေးဆိုင်ခန်းချေးငွေ (Market Loan)

ဘဏ်သည် ချေးငွေလုပ်ငန်းအသစ်တစ်ရပ်ဖြစ်သည့် ဈေးဆိုင်ခန်းချေးငွေ (Market Loan) ကို ပြည်သူလူထုအား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဘဏ်နှင့်ဆက်နွယ်သော ဈေးသည် (Customer) များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးများ၊ ကိုယ်ပိုင်ဈေးရောင်း၊ ဈေးဝယ်လုပ်ကိုင်နေသည့် ဈေးဆိုင်ခန်းပိုင်ရှင်များအား စီမံချက်များချမှတ်၍ ထုတ်ချေးလျက်ရှိပါသည်။

## (၇) အငှားဝယ်လုပ်ငန်းချေးငွေ (Hire Purchase)

ကမ္ဘာ့ရတနာဘဏ်မှ အငှားဝယ်စနစ်ချေးငွေလုပ်ငန်းကို မေ ၂၀၁၂ မှစ၍ ပစ္စည်းရောင်းချသည့် ကုမ္ပဏီကြီး (၁၁) ခုနှင့် ချိတ်ဆက်၍ အိမ်စီးကားများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးသုံး စက်ယန္တရားများ နှင့် လူနေတိုက်ခန်းများ ဝယ်ယူမှုအတွက် ချေးငွေထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ အိမ်စီးကားများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများ ဝယ်ယူမှုအတွက် အဓိကထုတ်ချေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဦးရေ (၁၅၆)၊ အတိုးနှုန်း၊ ဝန်ဆောင်ခများနှင့် အရောင်းကော်မရှင်ခအဖြစ် ဝင်ငွေကျပ် (၇၈.၀၉) သန်း ရရှိပါသည်။

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | ဦးရေ | ဝင်ငွေ | | | |
|---|---|---|---|---|---|
| | | Rental Fees | Commission | Service Charges | စုစုပေါင်း |
| ၂၀၂၀-၂၀၂၁ | ၂၄၆ | ၂၉၀.၂၄ | ၁၄.၃၁ | ၉.၉၇ | ၃၁၄.၅၂ |
| ၂၀၂၁-၂၀၂၂ | ၂၂၆ | ၉၀.၄၅ | ၃.၆၆ | ၂.၂၃ | ၉၆.၃၄ |
| ၂၀၂၂-၂၀၂၃ | ၁၉၀ | ၁၉၂.၅၅ | ၂.၉၄ | ၄.၈၉ | ၂၀၀.၃၈ |
| ၂၀၂၃-၂၀၂၄ | ၁၇၃ | ၁၃၈.၇၄ | ၀.၈၈ | ၀.၅၉ | ၁၄၀.၂၁ |
| ၂၀၂၄-၂၀၂၅ | ၁၅၆ | ၇၄.၅၁ | ၂.၁၁ | ၁.၄၇ | ၇၈.၀၉ |

## (၈) အိမ်ရာချေးငွေ (Home Loan)

ဘဏ်သည် ပုံမှန်ဝင်ငွေရှိသူများမှ နေထိုင်ရန် ရည်ရွယ်ချက်ဖြင့် မြေဝယ်ယူရန် (သို့မဟုတ်) မြေနှင့်အဆောက်အဦဝယ်ယူရန် (သို့မဟုတ်) ကွန်ဒို၊ တိုက်ခန်းဝယ်ယူရန်အတွက် လိုအပ်ငွေကို သက်တမ်း (၁၅) နှစ်မှ (၂၅) နှစ်ကာလဖြင့် ချေးငွေထုတ်ချေးပေးသည့် လုပ်ငန်းအား နိုဝင်ဘာ ၂၀၂၄ မှစ၍ ညွှန်ကြားချက်များ၊ မူဝါဒများ ချမှတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## (၉) ဝန်ထမ်းချေးငွေ (Staff Loan)

ဘဏ်သည် ဘဏ်ဝန်ထမ်းများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ဩဂုတ် ၂၀၂၂ မှစ၍ ဝန်ထမ်းချေးငွေ ထုတ်ချေးလျက်ရှိပါသည်။

## (၁၀) Credit Card ချေးငွေ

နည်းပညာတိုးတက်ပြောင်းလဲလာမှုနှင့်အညီ ပြည်တွင်း၊ ပြည်ပရှိ ATM များတွင် ကတ်ဖြင့် ငွေသားထုတ်ယူခြင်း၊ POS နှင့် Online ငွေပေးချေမှုများ ဆောင်ရွက်ခြင်းတို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ GTB UnionPay Single Brand Credit Card များကို ထုတ်ဝေခဲ့ပြီး Credit Card ချေးငွေထုတ်ချေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၁၇။ စီးပွားရေးကဏ္ဍအသီးသီးသို့ ငွေကြေးပံ့ပိုးမှုအခြေအနေ

(က) ကမ္ဘာ့ရတနာဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိသော ချေးငွေအမျိုးအစားအလိုက် ငွေကြေးပံ့ပိုးမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | ချေးငွေ (Term Loan) | စာရင်းပိုထုတ်ချေးငွေ (Overdraft) | အငှားဝယ်စနစ်လုပ်ငန်း | စီမံကိန်းချေးငွေ | ပြည်သူ့ဝန်ထမ်းချေးငွေ | ဈေးဆိုင်ခန်းချေးငွေ (Market Loan) | Home Loan | Credit Card ချေးငွေ |
|---|---|---|---|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ | ၃၃၈,၀၀၅.၃၉ | ၂၁၈,၄၄၈.၈၃ | ၁၀,၉၈၅.၅၀ | ၂၁,၇၆၈.၈၀ | ၂၅,၂၅၈.၂၈ | - | - | ၃၂.၅၃ |
| ၂၀၂၁-၂၀၂၂ | ၃၁၆,၇၉၈.၄၄ | ၂၁၇,၃၄၀.၇၆ | ၁၀,၂၇၄.၃၉ | ၂၄,၁၅၃.၀၀ | ၁၄,၆၀၇.၂၁ | - | - | ၇၃.၂၀ |
| ၂၀၂၂-၂၀၂၃ | ၂၇၄,၀၉၇.၈၅ | ၂၀၈,၉၇၆.၅၇ | ၈,၃၂၈.၁၂ | ၄၇,၇၃၆.၄၅ | ၁၀,၉၃၄.၃၂ | ၄၈၈.၇၂ | - | ၇၄.၅၀ |
| ၂၀၂၃-၂၀၂၄ | ၂၆၄,၇၃၄.၀၅ | ၁၅၈,၈၇၄.၈၅ | ၇,၃၄၉.၂၇ | ၈၉,၀၁၄.၃၃ | ၉,၇၅၁.၇၁ | ၇၈၄.၂၀ | - | ၁၃၃.၁၄ |
| ၂၀၂၄-၂၀၂၅ | ၂၄၉,၅၈၆.၅၆ | ၁၀၈,၃၄၆.၇၀ | ၆,၉၇၃.၉၄ | ၁၄၄,၀၁၆.၃၈ | ၈,၉၅၄.၂၅ | ၅၅၆.၇၄ | ၂၄,၄၀၉.၄၁ | ၇၂.၂၂ |

(ခ) ကမ္ဘာ့ရတနာဘဏ်မှ စီးပွားရေးကဏ္ဍအသီးသီးသို့ ငွေကြေးပံ့ပိုးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | စက်မှုလုပ်ငန်း | သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ကုန်သွယ်မှုလုပ်ငန်း | ဝန်ဆောင်မှုလုပ်ငန်း | ဆောက်လုပ်ရေးလုပ်ငန်း | သား / ငါး ထုတ်လုပ်မှုလုပ်ငန်း | အထွေထွေလုပ်ငန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ | ၂၃၇.၇၉ | ၁၅,၇၀၈.၆၃ | ၁၀၄,၃၇၁.၇၄ | ၁၅၉,၄၅၈.၉၈ | ၃၅,၅၅၆.၄၆ | ၂၄၁,၆၄၉.၇၇ | ၅၇,၅၁၅.၉၆ | ၆၁၄,၄၉၉.၃၃ |
| ၂၀၂၁-၂၀၂၂ | ၂၃၇.၇၉ | ၁၅,၆၁၂.၁၄ | ၁၀၅,၈၇၆.၆၆ | ၁၃၉,၄၅၆.၁၁ | ၃၃,၆၈၃.၇၀ | ၂၄၂,၃၅၆.၄၂ | ၄၆,၀၂၄.၁၈ | ၅၈၃,၂၄၇.၀၀ |
| ၂၀၂၂-၂၀၂၃ | ၅၁.၆၀ | ၁၄,၄၂၅.၁၁ | ၁၁၅,၅၄၉.၇၂ | ၉၈,၂၄၈.၆၉ | ၃၂,၇၈၁.၀၅ | ၂၂၇,၃၅၀.၀၀ | ၆၂,၂၁၀.၃၇ | ၅၅၀,၆၁၆.၅၄ |
| ၂၀၂၃-၂၀၂၄ | ၅၁.၆၀ | ၁၀,၃၀၃.၄၈ | ၁၄၅,၉၄၀.၉၃ | ၉၃,၄၇၄.၄၄ | ၂၉,၆၉၇.၈၄ | ၁၉၂,၅၁၉.၃၅ | ၅၈,၆၅၃.၉၁ | ၅၃၀,၆၄၁.၅၅ |
| ၂၀၂၄-၂၀၂၅ | - | ၃၆,၁၇၈.၅၀ | ၆၀,၆၉၉.၆၈ | ၁၈၇,၃၈၂.၃၆ | ၆၅,၆၁၉.၁၅ | ၁၉၂,၉၀၁.၆၆ | ၁၃၄.၈၅ | ၅၄၂,၉၁၆.၂၀ |

## ပြည်တွင်းငွေလွှဲလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၁၈။ ဘဏ်၏ ပြည်တွင်းငွေလွှဲလုပ်ငန်းကို Online Banking System ဖြင့် နာရီပိုင်းအတွင်း လွယ်ကူလျင်မြန် စိတ်ချစွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ မှတ်ပုံတင်ဖြင့်လွှဲသောငွေလွှဲများအား ငွေသားအပြည့် ငွေပမာဏ ကန့်သတ်ချက်မရှိ နေ့ချင်းပြီး ထုတ်ပေးကာ ဝန်ဆောင်မှုပေးခြင်း၊ ငွေကြေးအခက်အခဲကာလများတွင်လည်း ငွေလွှဲ Customer များ၏ ငွေသားများကို အပြည့်အဝထုတ်ပေးခြင်း၊ စစ်ဘေးရှောင် Customer များ၏ ငွေသားထုတ်ယူမှုများကိုလည်း မည်သည့်ဒေသ၊ မည်သည့်ဘဏ်တွင်မဆို ငွေသားဖြင့်သော်လည်းကောင်း၊ Account Transfer ဖြင့်သော်လည်းကောင်း ထုတ်ပေးဆောင်ရွက်ခြင်း၊ စီးပွားရေးအချက်အချာကျသော မြို့ကြီးများအပြင် ဝေးလံခေါင်ဖျားသော ဒေသများပါမကျန် Customer များအား အဆင်ပြေစွာ ဆောင်ရွက်ပေးမှုအခြေအနေအား အောက်ပါအတိုင်းတင်ပြအပ်ပါသည် -

## ဘဏ္ဍာနှစ်အလိုက် လွှဲငွေနှင့် ဝင်ငွေအခြေပြဂရပ်

### Remittance

ကျပ်သန်းပေါင်း




### Total Income

ကျပ်သန်းပေါင်း



## နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းအခြေအနေ

၁၉။ ကမ္ဘာ့ရတနာဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားသည့် AD (Authorized Dealer Licence) လိုင်စင်ကို ၂၄ ဩဂုတ် ၂၀၁၂ တွင် ရရှိခဲ့ပြီးနောက် ဘဏ်ရေရှည် ရပ်တည်ခိုင်မြဲစေရန်နှင့် နိုင်ငံခြားငွေတိုးပွားစေရန် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ နိုင်ငံခြားတိုင်းပြည်ရှိ ဘဏ်များနှင့် Trade ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ Cross Border Trade ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံအသီးသီး၌ ငွေစာရင်းများဖွင့်လှစ်၍ ငွေကြေးများ တိုက်ရိုက်ပေးချေရန်ဆောင်ရွက်ခြင်း၊ နိုင်ငံတွင်းရှိ အခြားဘဏ်များနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရေးတို့ကို တစ်နှစ်ထက်တစ်နှစ် ပို၍ ပို၍ စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြားတိုင်းပြည်များနှင့် ကုန်သွယ်မှုများပြုရာတွင် လွယ်ကူချောမွေ့ပြီး စိတ်ချမြန်ဆန်မှုရှိစေရေးအတွက် အဆက်အသွယ်ပြုလုပ်နေသော နိုင်ငံခြားဘဏ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) စာရင်းဖွင့်လှစ်ဆောင်ရွက်နေသော နိုင်ငံခြားဘဏ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) Punjab National Bank (formerly-United Bank of India)

(၂) Krung Thai Bank (Thailand)

(၃) Kasikorn Bank (Thailand)

(၄) Vietnam Joint Stock Commercial Bank for Industry and Trade (Vietnam) ဖြစ်ပြီး

(ခ) Relationship Management Application ချိတ်ဆက်ထားသော Correspondent Bank (အဆက်အသွယ်ဘဏ်များ) မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) BIDV (Bank for Investment and Development of Vietnam)

(၂) ICBC (Industrial and Commercial Bank of China)

(၃) Shinhan Bank (Korea)

(၄) Busan Bank

(၅) P.T Bank JTRUST Indonesia တို့နှင့်ချိတ်ဆက်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၂၀။ ယခုအခါ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားငွေဝန်ဆောင်မှုများအနေဖြင့် ဝင်ငွေရရှိမှုအခြေအနေအား အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

(ကျပ်သန်းပေါင်း)

| No | Particular | Income |
|---|---|---|
| 1. | Export/ Import (TT/LC) | ၃၂၉.၉၅ |
| 2. | Trade Finance | |
| | - Interest | ၂,၄၉၀.၈၂ |
| | - Repayment | ၁,၄၈၈.၉၇ |
| 3. | Western Union (Inbound) | ၂၅၆.၈၄ |
| 4. | Guarantee | ၂၅၇.၉၄ |
| 5. | Money Changer | |
| | - Buying & Selling | ၅၄.၆၂ |
| | Total Income | ၄,၈၇၉.၁၄ |

၂၁။ ပြည်ပရောက် မြန်မာနိုင်ငံသားအလုပ်သမားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ငွေလွှဲရန် လိုအပ်သော Customer များအတွက် ရည်ရွယ်၍ ကမ္ဘာ့ရတနာဘဏ်သည် နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုဖြစ်သည့် Western Union (WU) ဖြင့် နိုင်ငံပေါင်း (၂၀၀)ကျော်နှင့် ချိတ်ဆက်၍ နိုင်ငံတကာမှငွေလွှဲပို့ခြင်းလုပ်ငန်းများကို Customer များအား အကောင်းဆုံး ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

၂၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၆ အောက်တိုဘာ ၂၀၂၃ တွင် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းတို့အတွက် ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ်ခွင့်ပြုခြင်း၊ ၃၁ ဇူလိုင် ၂၀၂၄ တွင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက် အသုံးပြုပေးချေဆောင်ရွက်ခြင်းအတွက် Designated Bank အဖြစ် ခွင့်ပြုချက်များရရှိပြီးဖြစ်၍ နယ်စပ်ဒေသများမှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် Cross Border Trade ဖြင့် သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းရှင်များ၏လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်းလည်း အသိပေးတင်ပြအပ်ပါသည်။

## ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်မှုအခြေအနေ

၂၃။ ကမ္ဘောဇ‌ရတနာဘဏ်သည် ပြင်ဆင်ပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ဘဏ်ခွဲများရှိနေသော်လည်း ၁ ဧပြီ ၂၀၂၄ မှ ၃၁ မတ် ၂၀၂၅ အထိ ဘဏ်ခွဲအသစ်ဖွင့်လှစ်မှုမရှိ၊ ဖွင့်လှစ်ပြီး ဘဏ်ခွဲ (၁၇၇) ဘဏ်အနက် နယ်မြေဒေသအခြေအနေနှင့် လုံခြုံရေးအခြေအနေအရ စုစုပေါင်းဘဏ်ခွဲ (၁၄၃) ဘဏ်သာ လုပ်ငန်းလုပ်နိုင်ပြီး လုပ်ငန်းမလုပ်နိုင်၍ ပိတ်ထားရသည့် ဘဏ်ခွဲ (၃၄) ဘဏ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး | ဖွင့်လှစ် ဘဏ်ခွဲကြီး | ဖွင့်လှစ် ဘဏ်ခွဲငယ် | ခေတ္တပိတ်ထား သောဘဏ်ခွဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၃၉ | - | - | ဘုရင့်နောင်မီနီဘဏ်ခွဲအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၀.၇.၂၀၂၃) ရက်စွဲပါ စာအမှတ်-မဗဘ/ဘဏ်စိစစ်/ဘဏ်ခွဲ (၉၉/၂၀၂၃)အရပိတ်သိမ်းခွင့်ပြု |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၁၅ | - | - | - |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄ | - | ၈ | တမူးဘဏ်ခွဲ၊ ပင်လည်ဘူးဘဏ်ခွဲ၊ မုံရွာ(၃)ဘဏ်ခွဲ၊ ကောလင်းဘဏ်ခွဲ၊ ကသာဘဏ်ခွဲ၊ ထီးချိုင့်ဘဏ်ခွဲ၊ ကျွန်းလှဘဏ်ခွဲ၊ ကလေးဝဘဏ်ခွဲ |
| ၄ | ရှမ်းပြည်နယ် | ၇ | - | ၃ | ကျောက်မဲဘဏ်ခွဲ၊ မူဆယ်ဘဏ်ခွဲ၊ လားရှိုးဘဏ်ခွဲ |
| ၅ | မကွေးတိုင်းဒေသကြီး | ၁၃ | - | ၁ | မြိုင်ဘဏ်ခွဲ |
| ၆ | ကရင်ပြည်နယ် | ၅ | ၁ | ၁ | ကြာအင်းဆိပ်ကြီးဘဏ်ခွဲ |
| ၇ | နေပြည်တော် | ၄ | ၃ | - | - |
| ၈ | ကယားပြည်နယ် | ၁ | - | ၁ | လွိုင်ကော်ဘဏ်ခွဲ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၁၆ | - | - | - |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၅ | - | - | - |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ၁၂ | - | ၄ | ပုလောဘဏ်ခွဲ၊ ပလောဘဏ်ခွဲ၊ ကလိန်အောင်ဘဏ်ခွဲ၊ သရက်ချောင်းဘဏ်ခွဲ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၄ | ၂ | ၁၄ | ကမ်းထောင်းကြီးဘဏ်ခွဲ၊ တပ်တောင်ဘဏ်ခွဲ၊ မင်းပြားဘဏ်ခွဲ၊ ပုဏ္ဏားကျွန်းဘဏ်ခွဲ၊ မြောက်ဦးဘဏ်ခွဲ၊ ကျောက်တော်ဘဏ်ခွဲ၊ မောင်တောဘဏ်ခွဲ၊ စစ်တွေဘဏ်ခွဲ၊ အမ်းဘဏ်ခွဲ၊ သံတွဲဘဏ်ခွဲ၊ ဂွါတွေ့ဘဏ်ခွဲ၊ သံတွဲ (မီနီ) ဘဏ်ခွဲ၊ တောင်ကုတ်ဘဏ်ခွဲ၊ ကျောက်ဖြူဘဏ်ခွဲ |
| ၁၃ | မွန်ပြည်နယ် | ၁၅ | ၁ | ၂ | ကျိုက်မရောဘဏ်ခွဲ၊ အစင်ဘဏ်ခွဲ |
| | စုစုပေါင်း | ၁၇၀ | ၇ | ၃၄ | |




၂၄။ ထို့ပြင် ၂၈ မတ် ၂၀၂၅ တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးသော ဘဏ်ခွဲ အဆောက်အဦများမရှိသော်လည်း အောက်ပါဘဏ်ခွဲများအား အကြီးစားပြင်ဆင်ခဲ့ရပါသည် -

(က) နယ်မြေ (၁)

(၁) မန္တလေး(၂၆-ဘီလမ်း)ဘဏ်ခွဲ
(၂) မန္တလေး(၁၉)လမ်းဘဏ်ခွဲ
(၃) မန္တလေး(၃၅)လမ်းဘဏ်ခွဲ
(၄) မန္တလေး(ပြည်ကြီးမင်္ဂလာ)ဘဏ်ခွဲ
(၅) မန္တလေး(စွယ်တော်)ဘဏ်ခွဲ
(၆) မန္တလေး(၆၂)လမ်းဘဏ်ခွဲ
(၇) မန္တလေး(ဆိုင်းတန်း)ဘဏ်ခွဲ
(၈) မန္တလေး(ရတနာပုံဒိုင်းမွန်းပလာဇာ)ဘဏ်ခွဲ
(၉) စစ်ကိုင်းဘဏ်ခွဲ
(၁၀) မန္တလေး(ကျွဲဆည်ကန်)ဘဏ်ခွဲ
(၁၁) မန္တလေး(၈၁)လမ်းဘဏ်ခွဲ

(ခ) နယ်မြေ (၂)

(၁) နေပြည်တော်ဘဏ်ခွဲ
(၂) လယ်ဝေးဘဏ်ခွဲ
(၃) ပျဉ်းမနားဘဏ်ခွဲ
(၄) တပ်ကုန်းဘဏ်ခွဲ
(၅) ရမည်းသင်းဘဏ်ခွဲ

## နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၅။ ကမ္ဘာ့ရတနာဘဏ် Department of Information & Technology သည် ရုံးချုပ်ဌာနများနှင့် လက်အောက်ခံဘဏ်ခွဲများအားလုံး Banking System လုပ်ငန်းများ ကောင်းမွန်မှန်ကန်စွာ အသုံးပြုနိုင်ရန်နှင့် ဘဏ်ခွဲ Customer များအပေါ် အကောင်းဆုံးဝန်ဆောင်မှု ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ Admin Team, Software Team, Network Team, Hardware Team & Database Team များအလိုက် ဌာနလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၆။ Software ဆိုင်ရာလုပ်ငန်းများဖြစ်သည့် Infosys Core Banking System အား ဘဏ်ဝန်ထမ်းများအားလုံး ကျွမ်းကျင်မှန်ကန်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ အရာထမ်း၊ အမှုထမ်းများအား သင်ကြားပေးလျက်ရှိပါသည်။ ဘဏ်ခွဲများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ Core Banking System ကျွမ်းကျင်မှန်ကန်စွာ အသုံးပြုနိုင်စေရန် သင်တန်း(၁)ပတ်စဉ်လျှင် သင်တန်းကာလ (၁၂)ပတ်နှုန်းဖြင့် CBS မွမ်းမံသင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၈)အထိ ဝန်ထမ်း (၁၁၁) ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ Software Team အနေဖြင့် Core Banking System ဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များအလိုက် Upgrade ဆောင်ရွက်ခြင်း၊ Transaction Issue & Error ဖြေရှင်းခြင်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော MIS Reporting System သုံးစွဲမှုအား ၃ ဇန်နဝါရီ ၂၀၂၃ တွင်လည်းကောင်း၊ EKYC System သုံးစွဲမှုအား ၂၅ ဧပြီ ၂၀၂၃ တွင်လည်းကောင်း၊ CBM Net System သုံးစွဲမှုအား ၁၆ နိုဝင်ဘာ၂၀၂၃ တွင်လည်းကောင်း၊ QR Statement System သုံးစွဲမှုအား ၃ ဖေဖော်ဝါရီ ၂၀၂၅ တို့တွင် System Go Live အဖြစ် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်။

၂၇။ Network Team သည် ဘဏ်ခွဲများရှိ Network ဆိုင်ရာ Router; Switch များအား System Upgrade ဆောင်ရွက်ရာတွင် ဘဏ်ခွဲဝန်ထမ်းများနှင့်အတူ Online မှတစ်ဆင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဌာနသို့ ရယူဆောင်ရွက်ခြင်းများ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ Data Center တွင် တပ်ဆင်အသုံးပြုလျက်ရှိသော Network ဆိုင်ရာ စက်ပစ္စည်းများသည် End of Sale, End of Life ဖြစ်လာသောကြောင့် Data Center Facility နှင့် Infrastructure စက်ပစ္စည်း Upgrade ဝယ်ယူခြင်း၊ Software & Network Application Installation ဆောင်ရွက်ခြင်းများအား ဘဏ်လုပ်ငန်းထိခိုက်မှုမရှိစေရန် စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ၃ မတ် ၂၀၂၄ တွင် System Go Live အဖြစ် အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင် ဘဏ်၏ Data Center စက်ပစ္စည်းများ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးပါက Banking Data & Customer Data ဆုံးရှုံးမှုရန်မှ ကာကွယ်ရန် နိုင်ငံတကာစံနှုန်းနှင့်အညီ Disaster Recovery Data Center တည်ဆောက်ခြင်းအား ၁ အောက်တိုဘာ ၂၀၂၄ တွင် Go Live ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၈။ ၂၈ မတ် ၂၀၂၅ မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီး၏ ဒဏ်ကြောင့် နိုင်ငံတကာစံနှုန်းနှင့်အညီ တည်ဆောက်ခဲ့သော ဘဏ်၏ Disaster Recovery Data Center သည် စက်ပစ္စည်းနှင့် အဆောက်အဦ ပျက်စီးခဲ့ခြင်းမရှိဘဲ မြေအောက် Power Cable လိုင်းများသာ ပြတ်တောက်ပျက်စီးခဲ့သောကြောင့် ယခုအခါ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂၉။ Hardware Team သည် ရုံးချုပ်ဌာနများနှင့်ဘဏ်ခွဲများရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းပျက်စီးမှုများ ပြုပြင်ဆောင်ရွက်ပေးခြင်း၊ အစားထိုးအသစ် ဝယ်ယူတပ်ဆင်ပေးခြင်းများအား ဘဏ်လုပ်ငန်းထိခိုက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဘဏ်ဝန်ထမ်းများကို Network & Hardware ဆိုင်ရာ A+ သင်တန်းအမှတ်စဉ် (၁)မှ အမှတ်စဉ် (၇)အထိ ဘဏ်ဝန်ထမ်း (၅၆) ဦးအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် လက်တွေ့အသုံးပြုလျက်ရှိသော Network & Hardware စက်ပစ္စည်းကြံ့ခိုင်မှုများ စစ်ဆေးဆောင်ရွက်နိုင်သည်နှင့်အညီ အချိန်မီပြုပြင်နိုင်သောကြောင့် Banking System အသုံးပြုခြင်းအား မှန်ကန်မြန်ဆန်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

၃၀။ Department of Information & Technology ဌာနသည် ဘဏ်ခွဲဝန်ထမ်းများအားလုံး Banking System ကောင်းမွန်မှန်ကန်စွာ အသုံးပြုနိုင်စေရန်အတွက်လည်းကောင်း၊ နေ့စဉ်အသုံးပြုလျက်ရှိသော စက်ပစ္စည်းများ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်စေရန်အတွက်လည်းကောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များသိရှိနားလည်ပြီး ဝန်ထမ်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ Department of Information & Technology တွင်အသုံးပြုလျက်ရှိသော နည်းပညာသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

# Channel Banking လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၃၁။ ကမ္ဘာ့ရတနာဘဏ်၊ Channel Banking မှ ထုတ်ဝေလျက်ရှိသော GTB UnionPay Single Brand Credit Card သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၈၁ နိုင်ငံတွင် အသုံးပြုနိုင်သည့် ကမ္ဘာ့အကြီးဆုံးကတ်ဈေးကွက် (World's Largest Market) ရရှိထားခြင်းကြောင့် အရည်အသွေးမြင့် လုံခြုံသော နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများကို ဆောင်ရွက်နိုင်သည့် EMV Compliance ကတ်အမျိုးအစားဖြစ်ပြီး၊ လုပ်ငန်းစတင်ချိန်မှ ၃၁ မတ် ၂၀၂၅ အထိ ကတ်အသုံးပြုပေးချေသည့်ပမာဏမှာ ကျပ် (၃.၆၈) ဘီလီယံကျော်ဖြစ်ပြီး ပြန်လည်ပေးသွင်းသည့်ပမာဏမှာ ကျပ် (၃.၆၃) ဘီလီယံကျော်ရှိပါသည်။




၃၂။ ကမ္ဘာ့ရတနာဘဏ်တွင် ငွေစုဘဏ်စာရင်း (တစ်ဦးချင်း)၊ စာရင်းရှင်စာရင်း (တစ်ဦးချင်း)နှင့် ခေါ်ယူအပ်ငွေစာရင်း (တစ်ဦးချင်း) ဖွင့်လှစ်ထားသူများသည် eBanking ဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုရယူနိုင်ပြီး လုပ်ငန်းစတင်ချိန်မှ ၃၁ မတ် ၂၀၂၅ အထိ လုပ်ငန်းဆောင်ရွက်မှုပမာဏမှာ ကျပ် (၁၇.၀၉) ဘီလီယံကျော် ဖြစ်ပါသည်။



၃၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လမ်းညွှန်ချက်နှင့်အညီ အများပြည်သူ၏ ငွေပေးချေမှုစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ငွေသားကိုင်တွယ် သုံးစွဲမှုများလျှော့ချရန်၊ ဒီဂျစ်တယ်လ်ငွေရေးကြေးရေး ဆောင်ရွက်ချက်များ များပြားစေရန်နှင့် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် GTB Pay, GTB Agent နှင့် GTB Merchant လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ၃၁ မတ် ၂၀၂၅ အထိ GTB Pay User (၂၄,၈၁၄) ဦး၊ GTB Agent User (၁၈၀) ဦး နှင့် GTB Merchant User (၄,၄၈၀) ဦး ဆောင်ရွက်နိုင်ခဲ့ပါသည်။







၃၄။ GTB Pay User များအနေဖြင့် ကမ္ဘာ့ရတနာဘဏ်ရှိ ၎င်းတို့၏ဘဏ်စာရင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ၃၁ မတ် ၂၀၂၅ အထိ Bank Account များနှင့် ဆောင်ရွက်မှုပမာဏမှာ ကျပ် (၁.၄၃) ဘီလီယံကျော်၊ GTB Agent များတွင် ငွေသွင်း/ငွေထုတ်ဆောင်ရွက်မှုပမာဏမှာ ကျပ် (၁.၈၉) ဘီလီယံကျော်၊ Wallet to Wallet (P to P) ဆောင်ရွက်မှုပမာဏမှာ ကျပ် (၁.၇၅) ဘီလီယံကျော်၊ Wallet to Merchant ဆောင်ရွက်မှုပမာဏမှာ ကျပ် (၀.၀၂) ဘီလီယံကျော်၊ Bill Payment (P to B) ဆောင်ရွက်မှုပမာဏမှာ ကျပ် (၀.၁၆) ဘီလီယံကျော် နှင့် လျှပ်စစ်မီတာဘေလ်ပေးဆောင်ခြင်း (P to G) ဆောင်ရွက်မှုပမာဏမှာ ကျပ် (၂.၅၃) ဘီလီယံကျော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း GTB Wallet လုပ်ငန်းဆောင်ရွက်မှုပမာဏ စုစုပေါင်းမှာ ကျပ် (၇.၇၈) ဘီလီယံကျော် ဖြစ်ပါသည်။

၃၅။ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ GTB Pay နှင့် MyanmarPay (MMQR) ချိတ်ဆက်ဆောင်ရွက်လျက်ရှိခြင်း၊ GTB Pay မှ Wave Money Agent များတွင် Cash In/ Cash Out ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အခြားပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများ မြန်မာနိုင်ငံရှိ မိသားစုဝင်များသို့ ငွေလွှဲပို့ရာတွင် အဆင်ပြေစွာ ထုတ်ယူနိုင်စေရန်အတွက် International Remittance လုပ်ငန်းအား True Money နှင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၃၆။ ကမ္ဘာ့ရတနာဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit Department) မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သီးခြားလွတ်လပ်သော ဒါရိုက်တာမှ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော စာရင်းစစ်ကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ရုံးချုပ်ဌာနများနှင့် ဘဏ်ခွဲများ၏ နေ့စဉ်စာရင်းပိတ်လုပ်ငန်းများ၊ လချုပ်စာရင်းများ၊ ချေးငွေလုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများ၊ စာရင်းပိုင်းဆိုင်ရာလုပ်ငန်းများနှင့် ငွေကြေးပိုင်းဆိုင်ရာလုပ်ငန်းများအား စာရင်းစစ်ကော်မတီ၏ လမ်းညွှန်မှု၊ ညွှန်ကြားမှုများကို ခံယူ၍ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲများ၏ ငွေကြေးဌာန၊ စာရင်းဌာန၊ စီမံဌာန၊ ငွေလွှဲဌာနနှင့် ချေးငွေဌာနလုပ်ငန်းများအား ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိ တို့ကို On Site နှင့် Off Site စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့စစ်ဆေးရာတွင် Customer များ စာရင်းအသစ်ဖွင့်လှစ်သည့်အခါ KYC, CDD လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ထားမှု၊ AML/CFT လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Compliance Department တို့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှု၊ ချေးငွေထုတ်ချေးမှုနှင့်စပ်လျဉ်း၍ အာမခံပေးအပ်ထားသည့် စာချုပ်စာတမ်းများနှင့် ဘဏ်နှင့်ချုပ်ဆိုရမည့် ချေးငွေဆိုင်ရာ စာချုပ်စာတမ်းများနှင့် ပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေစာရင်းများအပေါ် ပျက်ကွက်သည့်ကာလအလိုက် အဆင့်သတ်မှတ်၍ အရေးယူဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးခဲ့ပါသည်။ ငွေကြေးဌာနလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးမှတ်တမ်းများနှင့် ဘဏ်ခွဲ၏ ငွေသားလက်ကျန်ကိုက်ညီမှုတို့ကို စစ်ဆေးခဲ့ပါသည်။

၃၇။ ဘဏ်ခွဲများအား စစ်ဆေးခဲ့သည့်တွေ့ရှိချက်၊ လိုအပ်ချက်များအား သက်ဆိုင်ရာလုပ်ငန်း ဌာနကြီးမှူးများနှင့် ဆွေးနွေးညှိနှိုင်း၍ ဘဏ်ခွဲများအား ပြင်ဆင်စေပြီး စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား စာရင်းစစ်ကော်မတီသို့တင်ပြ၍ စာရင်းစစ်ကော်မတီမှတစ်ဆင့် ဒါရိုက်တာအဖွဲ့သို့ ဆက်လက်တင်ပြလျက်ရှိပါသည်။ နောင်လာမည့် ဘဏ္ဍာနှစ်အတွက် ရုံးချုပ်ဌာနများနှင့် ဘဏ်ခွဲများအား စစ်ဆေးရန်အတွက် Audit Plan အား စာရင်းစစ်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ရေးဆွဲထားပြီး ရုံးချုပ်မှချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုများကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါသည်။

## ဘဏ်ဝန်ထမ်းများ၏အရည်အသွေးမြင့်မားရေးနှင့်သက်သာချောင်ချိရေးဆောင်ရွက်ပေးမှုအခြေအနေ

၃၈။ ကမ္ဘာ့ရတနာဘဏ်ဒါရိုက်တာအဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းဖွဲ့စည်းမှု အင်အားကို (၂,၇၇၂) ဦး မှ (၂,၃၄၇) ဦး ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသား၊ အမျိုးသမီး အင်အားအချိုးမျှတမှုရှိစေရန် ယခုဘဏ္ဍာနှစ်တွင် ဝန်ထမ်းများ ခန့်ထား တာဝန်ထမ်းဆောင်မှုမှာ အမျိုးသားဝန်ထမ်း (၁,၂၀၇) ဦး၊ အမျိုးသမီးဝန်ထမ်း (၁,၁၄၀) ဦး ဖြင့် (၅၁း၄၉) အချိုးဖြစ်ပါသည်။ အနာဂတ်ကာလတွင် ဘဏ်လုပ်ငန်းများကို လွှဲပြောင်းတာဝန်ထမ်းဆောင်မည့် အသက်အရွယ်အလိုက်ဝန်ထမ်းအင်အားမှာ -

| | | |
|---|---|---|
| (က) | အသက်(၃၀)အောက် | ၃၅% |
| (ခ) | အသက်(၃၀) နှင့် (၄၀) ကြား | ၃၅% |
| (ဂ) | အသက်(၄၀) နှင့် (၅၀) ကြား | ၁၇% |
| (ဃ) | အသက်(၅၀) နှင့် (၆၀) ကြား | ၉% |
| (င) | အသက်(၆၀) နှင့် (၆၅) ကြား | ၂% |
| (စ) | အသက်(၆၅)အထက် | ၂% အချိုးဖြစ်ပါသည်။ |

၃၉။ ကမ္ဘာ့ရတနာဘဏ်ဝန်ထမ်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် ဘဏ်တွင်းသင်တန်းကျောင်း ဖွင့်လှစ်ပြီး နှစ်စဉ်သင့်တော်သည့် သင်တန်းများ ပို့ချခြင်း၊ ပြင်ပသင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များသို့ တက်ရောက်စေခဲ့ပါသည် -

(က) အနာဂတ်တွင်ရည်မှန်းထားသော ဘဏ်လုပ်ငန်းများနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်၊

(ခ) ခေတ်နှင့်အညီနည်းပညာရပ်များ နားလည်တတ်ကျွမ်းစေရန်၊

(ဂ) မိမိတို့ဆောင်ရွက်နေသောလုပ်ငန်းများကို ကျွမ်းကျင်နားလည်ပြီး ပိုမိုကောင်းမွန်သော နည်းလမ်းများကို တွေ့ရှိဆောင်ရွက်နိုင်ရန်၊

(ဃ) ဝန်ထမ်းများ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်စေရန်၊

၄၀။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဘဏ်တွင်းမွမ်းမံသင်တန်းများဖြစ်သော IT နည်းပညာပိုင်းဆိုင်ရာ Core Banking System (CBS) သင်တန်းများ၊ Computer ပြုပြင်ထိန်းသိမ်းမှုသင်တန်းဖြစ်သော A+ သင်တန်းများ၊ GTB Pay လုပ်ငန်းပိုင်းဆိုင်ရာသင်တန်း၊ GTB Pay Merchant သင်တန်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ဆိုင်ရာသင်တန်းများဖြစ်သော AML/CFT သင်တန်းနှင့် အကြီးတန်းစီမံခန့်ခွဲမှုသင်တန်းများကို ပို့ချခဲ့ပါသည်။ ၎င်းဘဏ်တွင်း မွမ်းမံသင်တန်းများကို စမ်းချောင်းမြို့နယ်တွင် ဖွင့်လှစ်ထားသော ဘဏ်သင်တန်းကျောင်း၊ IT သင်တန်းကျောင်းတို့တွင် သင်ကြားပြီး အချို့အား Zoom ဖြင့်သင်တန်းပို့ချခဲ့ပါသည်။

၄၁။ ပြင်ပသင်တန်းများ၊ ကျောင်းများ၊ တက္ကသိုလ်များဖြစ်သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းမှ ဖွင့်လှစ်သည့် Strategic Management For Branch Manager (Online Class), Business Ethics For Bankers (Online Class), Customer Services (Online Class), Credit Risk Management (Online Class), Internal Audit & Internal Control (Online Class), Compliance Basic Course (Online Class), Important of Foreign Exchange Concept In International Banking System (Online Class), Compliance Certificate Level, Fraud Risk Management (Online Class), Basic Concept of Foreign Exchange (Online Class), Diploma in Banking, General Banking သင်တန်းများ၊ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဖွင့်လှစ်သည့် Online LLB, Online B.A Law, Diploma in Business Law, Diploma in International Law, Diploma in Intellectual Property Law, Post Graduate Diploma in Computer Application (PGDCA), Diploma in International Relations, Diploma in Applied Psychology သင်တန်းများ၊ စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဖွင့်လှစ်သည့် Master of Banking & Finance, Master of Business Administration, Master of Public Administration သင်တန်းများသို့ ရုံးချိန်ပြင်ပတက်ရောက်ရန် စေလွှတ်ခြင်း၊ Online မှတစ်ဆင့်တက်ရောက်ခွင့်ပြုခြင်း စသည်ဖြင့် ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားပြီး ဘဏ်လုပ်ငန်းများတွင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်စေရန် ရည်ရွယ်၍ တက်ရောက်ခွင့်ပြုခဲ့ပါသည်။

၄၂။ ကမ္ဘာ့ရတနာဘဏ်၏ ဝန်ထမ်းများ မိမိတို့၏ အလုပ်တာဝန်ဝတ္တရားများကို စိတ်အေးချမ်းသာစွာ အားသွန်ခွန်စိုက် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများ၏ လုပ်ခလစာနှင့် ခံစားခွင့်များ လုံလောက်မှုရှိပြီး သက်သာချောင်ချိစေရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နှစ်စဉ်လုပ်ခလစာနှင့် ခံစားခွင့်နှုန်းထားများကို ပြန်လည်သုံးသပ်ပြီး လိုက်လျောညီထွေဖြစ်စေရန် တိုးမြှင့်ပေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်တွင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် ပညာရပ်ဆိုင်ရာခံစားခွင့်များချီးမြှင့်ခြင်း၊ လုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုအလိုက် ခံစားခွင့်များချီးမြှင့်ခြင်း၊ လုပ်ငန်းအမျိုးအစားနှင့် နယ်မြေဒေသအလိုက် လိုအပ်ချက်အပေါ်အခြေခံ၍ ဒေသဆိုင်ရာရှားပါးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ထောက်ပံ့စရိတ်များ၊ ခရီးစရိတ်များ၊ စားသောက်စရိတ်များ ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းများဆေးဝါးကုသမှုကိစ္စများဖြစ်ပွားပါက ကျန်းမာရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ဝန်ထမ်းများနှင့်ဝန်ထမ်း၏ သားသမီးများအတွက် ကျောင်းစရိတ်များ ထောက်ပံ့ပေးခြင်း၊ ပညာရေးထူးချွန်ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားသမီးများကို ပညာရေးထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးပြီး ငွေကြေးပမာဏနည်းပါးစွာဖြင့် နေထိုင်ခွင့်ပေးခြင်း၊ လစဉ်ဘဏ်ခွဲအလိုက် လူပုဂ္ဂိုလ်အလိုက် လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းများအား ထူးချွန်မှုအလိုက်ဆုများ ချီးမြှင့်ခြင်း၊ အခါအားလျော်စွာ ဆုကြေးငွေ၊ ထောက်ပံ့ငွေအမျိုးမျိုးအား ချီးမြှင့်ပေးခြင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းချေးငွေများ ထုတ်ချေးခြင်း၊ ဝန်ထမ်းများ၏ သာရေး၊ နာရေးအတွက် လူမှုသက်သာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## အာမခံကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်မှုအခြေအနေ

၄၃။ ကမ္ဘာ့ရတနာဘဏ်အနေဖြင့် ဇွန် ၂၀၂၀ မှစ၍ ပြင်ပအာမခံကုမ္ပဏီ(၃)ခုနှင့် ချိတ်ဆက်ပြီး အာမခံလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဘဏ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်သော အာမခံလုပ်ငန်းများကို ရုံးချုပ်(ချေးငွေဌာန)မှ တာဝန်ယူဆောင်ရွက်ပြီး ဘဏ်ချေးငွေလုပ်ငန်းနှင့် မသက်ဆိုင်သောအာမခံလုပ်ငန်းများ၊ အာမခံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ရုံးချုပ် (ဥပဒေရေးရာဌာန)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၉ ဇန်နဝါရီ ၂၀၁၇ မှစတင်၍ မြန်မာ့အာမခံလုပ်ငန်းနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အာမခံကိုယ်စားလှယ်သင်တန်း တက်ရောက်ခန့်အပ်ထားသည့် ဘဏ်ဝန်ထမ်း အာမခံကိုယ်စားလှယ် (၆၀) ဦးသည် Agent များအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘဏ်ချေးငွေနှင့်မသက်ဆိုင်သော အာမခံလုပ်ငန်းများအတွက် အကျိုးတူဆောင်ရွက်ခဲ့သည့် အာမခံကုမ္ပဏီများမှ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်)

| စဉ် | ကုမ္ပဏီများ | Premium | ရရှိသည့် (Income) | | |
|---|---|---|---|---|---|
| | | | Agent Fee | Commission | Total |
| ၁ | GGI | 2,972,720.00 | 128,143.00 | 20,493.00 | 148,636.00 |
| ၂ | YI & YIL | 60,257,620.35 | 4,534,661.82 | 10,331,524.07 | 14,866,185.89 |
| ၃ | CTLI | - | 412,727.00 | 18,535.00 | 431,262.00 |
| Total | | 63,230,340.35 | 5,075,531.82 | 10,370,552.07 | 15,446,083.89 |

## AML/CFT ဆောင်ရွက်မှုအခြေအနေ

၄၄။ ကမ္ဘာ့ရတနာဘဏ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့စသည့် အဖွဲ့အစည်းများနှင့်ဆက်စပ်၍ လုပ်ငန်းတာဝန်များအား အောက်ဖော်ပြပါ ဥပဒေများ၊ Guidelines ၊ Instruction များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည် -

### (က) AML/CFT Laws

(၁) The Control of Money Laundering Law of Myanmar 2002/ Rules 2003

(၂) The Anti-Money Laundering Law of Myanmar 2014/ Rules 2015

(၃) The Counter Terrorism Law 2014

(၄) The Anti-Corruption Law 2013

### (ခ) Financial Laws

(၁) The Central Bank of Myanmar Law 1990/ 2013

(၂) The Financial Institutions Law of Myanmar 1990/ 2016

(၃) Foreign Exchange Management Law 2012

## (ဂ) Guidelines and Instructions

(၁) Instruction of AML/CFT No. 2/ 2002, No. 1/ 2004, No. 22/ 2004, 7/2006, 61/2009, 8/2010 by CBM

(၂) AML/ CFT Risk Based Management Guidance Note 27-1-2015 by CBM

(၃) Effective Implementation of CDD Directive by CBM September 2016

(၄) Description of AML/ CFT Programme 22-12-2016 by CBM

(၅) Anti-Money Laundering Order No. 45/2019, 14-1-2019 by Office of the President of the Union of Myanmar

(၆) Directive No.18/ 2019 for the CDD Measures 15-11-2019 by CBM

(၇) Guideline on Risk Management Practices of Banks 20-11-2020 by CBM

**(ဃ)** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ယာယီတားဆီးထားခြင်း၊ အထောက်အထားများပေးပို့ခြင်းများကို အောက်ပါဌာနများအလိုက် ပေးပို့ဆောင်ရွက်ခဲ့ပါသည် -

| စဉ် | ဌာနဆိုင်ရာအမည်များ | ယာယီတားဆီး/အထောက်အထား ပေးပို့စာရင်းအရေအတွက် |
|---|---|---|
| (၁) | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ | ၁၀ |
| (၂) | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ | ၃၂ |
| (၃) | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ | ၁၀ |
| (၄) | ပြည်ထဲရေးဝန်ကြီးဌာန | ၁၂ |
| (၅) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၃ |
| (၆) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၃ |
| (၇) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၂ |
| | စုစုပေါင်း | ၈၂ |

**(င)** အထက်ပါ ယာယီတားဆီးထားခြင်းနှင့် အထောက်အထားများ ပေးပို့ခြင်းများအပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) သို့ သတ်မှတ်ငွေပမာဏနှင့်အထက် ငွေကြေးလွှဲပြောင်းမှု သတင်းပို့ချက် အကြိမ်ရေ (၂,၂၉၃) ပေးပို့ခဲ့ပါသည်။

၄၅။ Compliance Department အနေဖြင့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော သင်တန်းများ ပြုလုပ်ပေးခြင်းအပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ AML/CFT Guideline လမ်းညွှန်ချက်များအရ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဘဏ်များမှ သတ်မှတ်ပမာဏနှင့်အထက် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပေးပို့ချက်များ (CTR)၊ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက်များ (STR) ပိုမိုရှာဖွေဖော်ထုတ် သတင်းပေးပို့နိုင်စေရေး၊ ဘဏ်များ၏ဆုံးရှုံးနိုင်ခြေအန္တရာယ် ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် Chief Risk & Compliance Officer နှင့် Compliance Officer အပါအဝင် အရာထမ်း၊ ဝန်ထမ်းများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော်ဘဏ်များအသင်းမှ ကြီးမှူးပြုလုပ်သော ဆွေးနွေးပွဲများ၊ Workshop/ Seminar သင်တန်းများ တက်ရောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရုံးချုပ်လူ့စွမ်းအားအရင်းအမြစ်ဌာန အစီအစဉ်ဖြင့် ပြုလုပ်သော အကြီးတန်းမန်နေဂျာစီမံခန့်ခွဲမှုသင်တန်း ၁၄ ဒီဇင်ဘာ ၂၀၂၄ မှ ၂၇ ဒီဇင်ဘာ ၂၀၂၄ အထိ ရာထူးတိုးမြှင့်ရေးသင်တန်းများတွင် ဘဏ်အရာထမ်း၊ ဝန်ထမ်းများအား AML/CFT Knowledge များချပြခြင်း၊ Chief Risk & Compliance Officer နှင့် Compliance Officer တို့မှ နယ်မြေဘဏ်ခွဲများအလိုက် ဘဏ်ခွဲတာဝန်ခံ၊ ဒုတိယဘဏ်ခွဲတာဝန်ခံများ အပါအဝင် အရာထမ်း၊ ဝန်ထမ်းများအား Risk Assessment Awareness သင်တန်းများအား ပို့ချပေးခဲ့ပါသည်။

## လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၄၆။ ကမ္ဘာ့ရတနာဘဏ်အနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရတနာနလုံးသားလူမှုအကျိုးပြုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပြီး အောက်ပါရည်မှန်းချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည် -

(က) ကျန်းမာရေးနှင့်ပတ်သက်၍ မရှိဆင်းရဲဝေဒနာရှင်များအား ဆေးဝါး အစားအသောက်နှင့် လိုအပ်သည်များ သွားရောက် ပံ့ပိုးဖြည့်ဆည်းပေးသွားရန်။

(ခ) အနာဂတ်လူငယ်များ၏ ပညာရေး၊ ဘက်စုံထူးချွန်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းသွားရန်။

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်ခံစားမှုရှိပါက သက်ဆိုင်ရာဒေသသို့အရောက် လိုအပ်ချက်များ ပံ့ပိုးကူညီဖြည့်ဆည်း၍ လှူဒါန်းသွားရန်။

(ဃ) အမှီအခိုကင်းမဲ့သည့် သက်ကြီးရွယ်အိုများအား စားဝတ်နေရေး၊ ကျန်းမာရေးမှအစ လိုအပ်ချက်များ ဖြည့်ဆည်းကူညီစောင့်ရှောက်မှုပေးသွားရန် တို့ဖြစ်ပါသည်။

၄၇။ သို့ဖြစ်ပါ၍ မိမိတို့ဝန်ထမ်းများသည် ရရှိသောလစာငွေမှ လစဉ်တစ်ဦးလျှင် အနည်းဆုံး ငွေကျပ် (၃,၀၀၀) ထည့်ဝင်လှူဒါန်း စုဆောင်း၍ ဖော်ပြပါရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁ ဧပြီ ၂၀၂၄ မှ ၃၁ မတ်၂၀၂၅ အထိ လှူဒါန်းငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | အကြိမ် | လှူဒါန်းငွေ(ကျပ်) |
|---|---|---|---|
| ၁ | ဆေးကုသမှုစရိတ်ထောက်ပံ့ခြင်း | ၆၁ | ၅၀,၀၇၆,၀၀၀ |
| ၂ | သာသနာရေးနှင့် ပတ်သက်၍ လှူဒါန်းခြင်း | ၁၉ | ၁၀၅,၁၃၁,၈၀၀ |
| ၃ | ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းခြင်း | ၂ | ၁၅,၆၀၀,၀၀၀ |
| | စုစုပေါင်းလှူဒါန်းမှု | ၈၂ | ၁၇၀,၈၀၇,၈၀၀ |

## သဘာဝဘေးအန္တရာယ်အတွက် လှူဒါန်းမှုများ

၄၈။ ရေဘေးအလှူငွေ

| | | | | |
|---|---|---|---|---|
| (က) | နယ်မြေ (၁) | မန္တလေးတိုင်းဒေသကြီး | ငွေကျပ် | ၁၀,၀၀၀,၀၀၀ |
| (ခ) | နယ်မြေ (၂) | ပြည်ထောင်စုနယ်မြေနေပြည်တော် | ငွေကျပ် | ၂၀,၀၀၀,၀၀၀ |
| (ဂ) | နယ်မြေ (၃) | ပဲခူးတိုင်းဒေသကြီး | ငွေကျပ် | ၁၀,၀၀၀,၀၀၀ |

၄၉။ မန္တလေးငလျင်ကြီးအလှူငွေ

| | | | | |
|---|---|---|---|---|
| (က) | နယ်မြေ (၁) | ဝန်ထမ်း (၁၄၇) ဦး | ငွေကျပ် | ၄၄,၁၀၀,၀၀၀ |
| (ခ) | နယ်မြေ (၂) | ဝန်ထမ်း (၂၉) ဦး | ငွေကျပ် | ၈,၇၀၀,၀၀၀ |
| (ဂ) | မန္တလေးငလျင်ကြီးအတွက်လှူဒါန်းငွေ | | ငွေကျပ် | ၁၆၀,၀၀၀,၀၀၀ |

# (၃၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ရှေ့လုပ်ငန်းစဉ်များ

၅၀။ (၃၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးသို့ တင်သွင်းသည့် ရှေ့လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁ ကမ္ဘာ့ရတနာဘဏ် ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ဒါရိုက်တာအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီများက စနစ်တကျ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရန်၊

၂ စီမံခန့်ခွဲမှုကော်မတီများက ချမှတ်ထားသော မူဝါဒများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၃ အပ်ငွေ၊ ချေးငွေဝန်ဆောင်မှု ပမာဏတိုးတက်ရေး ဘဏ်ခွဲအလိုက် တာဝန်ပေးဆောင်ရွက်ရန်၊

၄ အရည်အသွေး ပြည့်ဝခိုင်မာသော ချေးငွေများထုတ်ချေးနိုင်ရန် သတ်မှတ်ထားသော မူဝါဒ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊ ဆုံးရှုံးနိုင်ခြေများ အကဲဖြတ်သုံးသပ်ခြင်းများဖြင့် စနစ်တကျ လိုက်နာဆောင်ရွက်ရန်နှင့် NPL လျော့နည်းကျဆင်းရေးကို အချိန်ကာလ သတ်မှတ်၍ သတ်မှတ်ကာလအတွင်း ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၅ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား အထောက်အကူ ဖြစ်စေရေး ရည်မှန်းချက်ဖြင့် နိုင်ငံခြားဘဏ်လုပ်ငန်းဌာနမှ ကြိုးပမ်းဆောင်ရွက်သွားရန်၊

၆ Core Banking System အတွက် သစ်လွင်သော နည်းပညာနှင့် စက်မှုပစ္စည်းများကို တိုးချဲ့တပ်ဆင်ရန်နှင့် Disaster Recovery Data Center ကိုလည်း အပြည့်အဝ လုံခြုံ စိတ်ချစွာ အသုံးပြုနိုင်ရေး ဆက်လက်စီမံဆောင်ရွက်ပြီး မိမိတို့၏ ဘဏ်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် အဆင့်မြှင့်တင် ဆောင်ရွက်ရန်၊

၇ Card စနစ်များသာမက Digital Banking ဝန်ဆောင်မှုများကို အဆင့်အတန်းမီ ဆောင်ရွက်နိုင်ရေး၊ လိုအပ်သော လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှု စဉ်ဆက်မပြတ်ဆောင်ရွက်၍ ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်သွားရန်၊

၈ AML/CFT နှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ သင်ကြားလေ့ကျင့်ခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်းဖြင့် တိကျစွာ လိုက်နာဆောင်ရွက်သွားရန်၊

၉ ကမ္ဘောဇရတနာဘဏ် (ယခင်) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ မူလရည်ရွယ်ချက်များဖြစ်သော သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ဖြစ်စေသော လုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက် သွားရန်၊

၁၀ ဘဏ်၏ အကျိုးအမြတ်ရရှိရေးအတွက် ချေးငွေအခြေမခံသောဝင်ငွေ Non-Interest Income ရရှိအောင် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အာမခံလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

၁၁ ဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးအတွက် လေ့ကျင့်သင်ကြားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်သကဲ့သို့ လုပ်ငန်းခွင်ပျော်ရွှင်စေရေးအတွက် ခေတ်နှင့်လိုက်လျောညီထွေရှိသော ဝန်ထမ်းသက်သာချောင်ချိရေးများ ဆောင်ရွက်ပေးရန်၊

၁၂ ရည်မှန်းချက်(၄)ရပ်ဖြင့် ဖွဲ့စည်းထားသော "ရတနာနှလုံးသား လူမှုရေးအကျိုးပြုအဖွဲ့"၏ ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ထောက်ပံ့ပေးရန်နှင့် CSR လုပ်ငန်းများကို ပိုမို တိုးမြှင့်ဆောင်ရွက်ရန်၊

## နိဂုံး

၅၁။ ကမ္ဘောဇရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)သည် နောင်လာလတ္တံ့သောနှစ်များတွင်လည်း ဘဏ်နှင့်ဆက်သွယ်သူ Customer များ၊ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် အဘက်ဘက်မှ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖော်ပြလျက် ဤအစီရင်ခံစာကို နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(ဒါရိုက်တာအဖွဲ့)
၂၀၂၅ခုနှစ်၊ ကမ္ဘောဇရတနာဘဏ်လီမိတက်

# GTB ဘဏ်၏ သဒ္ဒါတရားထက်သန်စွာ စဉ်ဆက်မပြတ် လှူဒါန်းထားရှိမှု မှတ်တမ်းပုံရိပ်များ



ဘဏ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် လှူဒါန်းမှု



ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမှု



ပဲခူးမြို့၊ ရွှေဂူလေးဘုရားကျောင်းတိုက်၏
တစ်ထပ်ဆွမ်းစားကျောင်းဆောင် လှူဒါန်းမှု




ပရဟိတအဖွဲ့အစည်းသို့ ထောက်ပံ့လှူဒါန်းမှု



စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းမှု



ဘဏ်ဝန်ထမ်းများအတွက် ထောက်ပံ့လှူဒါန်းမှု

# ဘဏ်ဝန်ထမ်းများအတွက်
# Training and Development ဆိုင်ရာ ဆောင်ရွက်ချက်များ



















# ကမ္ဘာ့ရတနာဘဏ်(အများပိုင်ကုမ္ပဏီလီမိတက်)
# ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသောနှစ်အတွက်
# ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ

ဒါရိုက်တာအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့၌ ကုန်ဆုံးသောနှစ်အတွက် အစီရင်ခံစာကို စာရင်းစစ်ဆေးပြီးသော ကမ္ဘာ့ရတနာဘဏ် (အများပိုင်ကုမ္ပဏီလီမိတက်)၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ တင်ပြအပ်ပါသည် -

(က) အစီရင်ခံစာပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ရှိသော ဘဏ်၏ဘဏ္ဍာရေးအခြေအနေနှင့် ၎င်းနေ့ရက်တွင် ကုန်ဆုံးသောနှစ်အတွက် ဘဏ်၏ ရှယ်ယာနှင့် ငွေသားစီးဆင်းမှုများတွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများနှင့် ဘဏ္ဍာရေးလုပ်ဆောင်ချက်တို့ကို မှန်ကန်မျှတစွာ သုံးသပ်ရေးဆွဲထားသည်။

(ခ) ဤအစီရင်ခံစာရေးသည့်နေ့၌ ဘဏ်အနေဖြင့် အကြွေးများကို ပေးချေရန် ရက်စေ့သောအခါ ပေးချေနိုင်စွမ်းရှိသည်ဟု ယုံကြည်ရန် ခိုင်လုံသောအကြောင်းရင်းများရှိသဖြင့် ဒါရိုက်တာဘုတ်အဖွဲ့သည် ဤဘဏ္ဍာရေးအစီရင်ခံစာများကို ထုတ်ပြန်ရန် ခွင့်ပြုလိုက်ပြီးဖြစ်သည်။

(ဂ) ဤအစီရင်ခံစာတင်ပြပါကာလတွင် ဒါရိုက်တာရာထူးရှိသူများမှာ အစီရင်ခံစာပါ (၁၄) ဦးသာဖြစ်၍ ၎င်းတို့အကျိုးစီးပွားပါရှိသော်လည်း ယခင်ဘဏ္ဍာရေးနှစ်ကာလအကုန်မှစတင်၍ မည်သည့် ဒါရိုက်တာတစ်ဦးတစ်ယောက်မှ ဘဏ်နှင့်ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် သက်ဆိုင်ရာကော်ပိုရေးရှင်းနှင့် ဒါရိုက်တာတို့ ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် ၎င်း၏အဖွဲ့ဝင်ဖြစ်သော ကုမ္ပဏီနှင့် ပြုလုပ်သော ပဋိညာဉ် သို့မဟုတ် ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများနှင့် ဤအစီရင်ခံစာတွင် မြွက်ဟဖော်ပြထားသည်မှအပ ကြီးမားသောဘဏ္ဍာရေး အကျိုးစီးပွားများ ပါဝင်သော ကုမ္ပဏီနှင့် ချုပ်ဆိုထားသော ပဋိညာဉ်ကြောင့် အကျိုးခံစားခွင့်တစ်ရပ်ကို လက်ခံရရှိခဲ့ခြင်းသော်လည်းကောင်း လက်ခံရရှိပိုင်ခွင့်သော်လည်းကောင်း မရှိပါ။

(ဃ) ဤနှစ်အတွင်း ဘဏ်၏ မည်သည့်လုပ်ငန်းများကိုမှ ရပ်နားခြင်းမရှိ လည်ပတ်လျက်ရှိပါသည်။

(င) ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်အရ လွန်ခဲ့သောဘဏ္ဍာရေးနှစ်တွင် ဘဏ်၏လုပ်ငန်းများမှ ရလဒ်များအပေါ် ဤအစီရင်ခံစာတွင် မြွက်ဟပြောကြားထားသည့် ခြွင်းချက်ပစ္စည်းအမယ်များနှင့် ထူးခြားသော ပစ္စည်းအမယ်များမှအပ ကြီးမားပြီး အစဉ်အလာမဟုတ်သော သဘောသဘာဝရှိသည့်ဖြစ်ရပ် သို့မဟုတ် လုပ်ဆောင်ချက် သို့မဟုတ် မည်သည့်ပစ္စည်းအမယ်ကမှ အကျိုးသက်ရောက်ခဲ့မှု မရှိပါ။

(စ) ဘဏ်အနေဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည့်အမြတ် သို့မဟုတ် အရှုံးမှအပ ဤဘဏ္ဍာရေးနှစ်အတွင်းတွင် တခြားမည်သည့်အကျိုးအမြတ် သို့မဟုတ် ဆုံးရှုံးမှုမျှမရှိခဲ့ပါ။

(ဆ) ဤနှစ်အတွင်းဘဏ်သည် မည်သည့်အမြတ်ဝေစုကိုမှ ခွဲဝေပေးခဲ့ခြင်းမရှိပါ။

(ဇ) ဘဏ္ဍာရေးနှစ်အတွင်း

(၁) ဘဏ်ရှိ ထုတ်မပေးသော ရှယ်ယာများကို မည်သူ့ကိုမှ ရွေးချယ်ခွင့်ကို မပေးခဲ့ပါ။

(၂) ရွေးချယ်ခွင့်ကို ကျင့်သုံးလျက် ဘဏ်၏ ထုတ်မပေးသော ရှယ်ယာများကို မည်သူ့ကိုမှ ထုတ်မပေးခဲ့ပါ။

(ဈ) စာရင်းစာအုပ်များကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၏ ပုဒ်မ ၂၅၈ နှင့်အညီ ထိန်းသိမ်းထားရှိသည်။

(ည) ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ဘဏ္ဍာရေးနှစ်အကုန်တွင်

(၁) ဘဏ်၏ရရန်ပိုင်ခွင့် (ပိုင်ဆိုင်ပစ္စည်းများ) အပေါ် တောင်းခံသော အခကြေးငွေများသည် တခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ပေးရန်တာဝန်များကို သက်ရောက်မှုမရှိခဲ့ပါ။

(၂) ဒါရိုက်တာများ၏ အထင်အမြင်၌ ပေးရန်တာဝန်များကို ဘဏ်မှအချိန်စေ့ရောက်ချိန်၌ ပေးနိုင်စွမ်းကို ထိခိုက်စေမည့် သို့မဟုတ် ကြီးမားစွာ အကျိုးသက်ရောက်စေမည့် ဤဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၁၂)လတာ ကာလအတွင်းတွင် ပေးရန်တာဝန် သို့မဟုတ် နောင်အခါ ပေါ်ပေါက်လာနိုင်သော ပေးရန်တာဝန်ဟူ၍ မရှိပါ။

**ဒါရိုက်တာအဖွဲ့ကိုယ်စား**

| | | |
|---|---|---|
| **ဒေါ်သွယ်သွယ်နိုင်** | **ဦးအောင်မြင့်** | **ဦးကိုကိုအောင်** |
| **ဒါရိုက်တာ** | **ဒါရိုက်တာ** | **ဒါရိုက်တာ /အမှုဆောင်အရာရှိချုပ်** |

# Independent Auditors' Report

# To the members of the Global Treasure Bank Public Company Limited

## Report on the audit of the financial statements

### Qualified opinion

We have audited the financial statements of **Global Treasure Bank Public Company Limited ("the Bank"),** which comprise the statement of financial position as at 31 March 2025, the statement of comprehensive income, statement of changes in equity and statement of cash flows for the year then ended, and a summary of significant accounting policies and other explanatory information, as set out on pages FS 9 to FS 36.

In our opinion, except for the matters stated in the preceding paragraph, "Basis for Qualified opinion" the accompanying financial statements are property drawn up in accordance with the provisions of the Myanmar Companies Law and Myanmar Financial Reporting Standards (MFRSs) so as to give a true and fair view of the financial position of the Bank as at 31 March 2025 and of the financial performance, changes in equity and cash flows of the Bank for the year ended on that date.

### Basis for qualified opinion

We conducted our audit in accordance with Myanmar Standards on Auditing (MSAs). Our responsibilities under those standards are further described in the ***'Auditors' responsibilities for the audit of the financial statement'*** section of our report. We are independent of the Bank in accordance with the ethical requirements that are relevant to our audit of the financial statements in Myanmar, and we have fulfilled our other ethical responsibilities in accordance with these requirements. We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our opinion.

It is observed that;

(i) Non-performing loan (NPL) balances as at 31 March 2025 as per report to the Central Bank of Myanmar is MMK 224,453 million (41.34% of Total Loan and Overdrafts) which include NPL-loss of MMK 224,327 million and doubtful of MMK 126 million. Although the specific provision amount calculated based on the forced sale value submitted by the responsible officer should be MMK 11,113 million, it was found that as of March 31, 2025, the specific provision made by the Global Treasure Bank was only MMK 4,568.53 million. It is required to review each NPL, for recovery and if require, to provide specific provision for possible loss. [Letter to management paragraph 6.5]

(ii) In respect of interest income on NPL and accrued income receivables for NPL, interest of MMK 467 million for NPL (9) Nos is recognized as interest income in FY 2024/2025, which is not in line with CBM's instruction 17/2017 and no provision for impairment loss on accrued interest receivable [Letter to management paragraph 6.4]

## Other Information

Management is responsible for the other information. The other information comprises the Directors' statement, but does not include the financial statements and the auditor's report thereon. Our opinion on the financial statements does not cover the other information and we do not express any form of assurance conclusion thereon.

## Responsibilities of management and directors for the financial statements

Management is responsible for the preparation of financial statement that give a true and fair view in accordance with the provisions of the Myanmar Companies Law and MFRSs, and for devising and maintaining a system of internal accounting controls sufficient to provide a reasonable assurance that assets are safeguarded against loss from unauthorized use or disposition; and transactions are properly authorized and that they are recorded as necessary to permit the preparation of true & fair financial statements and to maintain accountability of assets.

In preparing the financial statements, management is responsible for assessing the Bank's ability to continue as a going concern, disclosing, as applicable, matters related to going concern and using the going concern basis of accounting unless management either intends to liquidate the Bank or to cease operations, or has no realistic alternative but to do so.

The directors' responsibilities include overseeing the Bank's financial reporting process.

## Auditors' responsibilities for the audit of the financial statements

Our objectives are to obtain reasonable assurance about whether the financial statements as a whole are free from material misstatement, whether due to fraud or error, and to issue an auditors' report that includes our opinion. Reasonable assurance is a high level of assurance, but is not guarantee that an audit conducted in accordance with MSAs will always detect a material misstatement when it exists. Misstatement can arise from fraud or error and are considered material if, individually or in the aggregate, they could reasonably be expected to influence the economic decision of users taken on the basis of these financial statements.

As part of an audit in accordance with MSAs, we exercise professional judgment and maintain professional skepticism throughout the audit.

We communicate with the directors regarding, among other matters, the planned scope and timing of the audit and significant audit findings, including any significant deficiencies in internal controls that we identify during our audit.

## Report on other legal and regulatory requirements

In accordance with the Myanmar Companies Law (2017), we report that;

(i) We have obtained all the information and explanations we have required and

(ii) the books and records have been maintained by the Bank as required by Section 258 of the Myanmar Companies Law.

In accordance with section 89(a) of the Financial Institutions Law 2016, we report that subject to our letter to the management, in our opinion the financial statements of the Bank are properly and fairly drawn up, they present fairly the operation of the Bank and information obtained from the officers and representatives of the Bank are satisfactory.

**Daw Khaine Yee Mon**
B.Com, CPA, ACCA
Certified Public Accountant
C P A Registration No 939

ICOP Sein Win & Associates Company Limited
No.
Date.

# ၃၁ မတ် ၂၀၂၅ ကုန်ဆုံးသောနေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၃၁.၃.၂၀၂၅ မြန်မာကျပ် | ၃၁.၃.၂၀၂၄ မြန်မာကျပ် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| ငွေနှင့်ငွေသား နှင့် ညီမျှသောလက်ကျန်များ | ၇ | ၁၈၀,၁၁၇,၁၅၉,၁၆၇ | ၁၁၆,၅၅၄,၀၁၃,၃၇၁ |
| ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေများ | ၈ | ၅၄၂,၉၁၆,၂၀၄,၇၅၅ | ၅၂၉,၆၄၁,၅၅၁,၂၇၈ |
| ရင်းနှီးမြှုပ်နှံမှုများ | ၉ | ၁၁၀,၆၁၇,၃၀၂,၅၇၄ | ၁၀၁,၅၇၇,၃၀၂,၅၇၄ |
| အခြား ပိုင်ဆိုင်မှု | ၁၀ | ၇၃,၉၁၂,၀၈၉,၃၈၄ | ၅၁,၉၉၅,၄၄၆,၁၇၇ |
| ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်ချက်ဖြင့်ကိုင်ဆောင်ထားသော အိမ်ခြံမြေ | | ၃,၄၆၇,၂၃၃,၆၂၅ | ၆၉၆,၆၀၆,၂၅၀ |
| မြေနှင့်အဆောက်အဦးအသုံးပြုခွင့် | | ၁ | ၁,၀၆၀,၂၄၀ |
| ဘဏ်အချင်းချင်းချေးငွေ | | - | ၁,၀၀၀,၀၀၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်းများ | ၁၁ | ၅၇,၆၅၆,၅၂၈,၆၉၈ | ၆၁,၀၆၀,၆၃၄,၅၇၄ |
| လုပ်ငန်းဆောင်ရွက်ဆဲ ပိုင်ဆိုင်မှုနှင့် ပစ္စည်းများ | | | |
| ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း | ၁၂ | ၃,၃၂၉,၆၅၃,၈၆၁ | ၂,၈၉၁,၇၀၉,၈၀၇ |
| **စုစုပေါင်းရပိုင်ခွင့်များ** | | ၉၇၂,၀၁၆,၁၇၂,၀၆၅ | ၈၆၅,၄၁၈,၃၂၄,၂၇၀ |
| **ပေးရန်ရှိများ** | | | |
| စုစုပေါင်းအပ်ငွေများ | ၁၃ | ၆၄၆,၇၇၂,၉၄၂,၇၇၄ | ၅၈၈,၉၅၅,၈၀၅,၇၉၆ |
| ချေးယူငွေများ | ၁၄ | ၁၁၃,၄၇၄,၄၀၀,၀၀၀ | ၈၉,၃၀၀,၄၀၀,၀၀၀ |
| အခြားပေးရန်ရှိနှင့် လျာထားပေးရန်တာဝန်များ | ၁၅ | ၉၇,၉၈၃,၄၃၇,၅၆၉ | ၇၄,၄၈၁,၅၆၂,၂၅၆ |
| **စုစုပေါင်း ပေးရန်ရှိများ** | | ၈၅၈,၂၃၀,၇၈၀,၃၄၃ | ၇၅၂,၇၃၇,၇၆၈,၀၅၂ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၆ | ၆၂,၄၃၆,၅၀၀,၀၀၀ | ၆၂,၄၃၆,၅၀၀,၀၀၀ |
| ရှယ်ယာပရီမီယံ | | ၆,၇၄၂,၂၅၀,၀၀၀ | ၆,၇၄၂,၂၅၀,၀၀၀ |
| ရန်ပုံငွေများ | ၁၇ | ၄၀,၄၁၇,၈၅၁,၂၆၄ | ၃၉,၃၄၁,၅၈၄,၂၇၄ |
| အမြတ်လက်ကျန် | | ၄,၁၈၈,၇၉၀,၄၅၈ | ၄,၁၆၀,၂၂၁,၉၄၅ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | ၁၁၃,၇၈၅,၃၉၁,၇၂၂ | ၁၁၂,၆၈၀,၅၅၆,၂၁၈ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၉၇၂,၀၁၆,၁၇၂,၀၆၅ | ၈၆၅,၄၁၈,၃၂၄,၂၇၀ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက် မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

ဒေါ်သွယ်သွယ်နိုင်
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ /အမှုဆောင်အရာရှိချုပ်

## ၃၁ မတ် ၂၀၂၅ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | Notes | ၃၁.၃.၂၀၂၅ (မြန်မာကျပ် | ၃၁.၃.၂၀၂၄ မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၈ | ၆၄,၁၇၃,၈၉၉,၄၁၇ | ၅၈,၃၀၀,၀၈၅,၃၆၁ |
| အတိုးစရိတ် | ၁၉ | (၆၁,၀၇၀,၀၄၆,၁၉၂) | (၅၃,၆၅၆,၆၆၃,၀၀၀) |
| **အသားတင် အတိုးဝင်ငွေ** | | ၃,၁၀၃,၈၅၃,၂၂၅ | ၄,၆၄၃,၄၂၂,၃၆၁ |
| ကော်မရှင်ဝင်ငွေနှင့် အခကြေးငွေ | ၂၀ | ၁၃,၉၉၈,၈၉၇,၂၉၁ | ၁၈,၁၇၆,၅၆၇,၀၅၇ |
| အခြားဝင်ငွေ | ၂၁ | ၅,၃၇၁,၄၆၇,၇၄၉ | ၅၅၇,၅၃၂,၉၇၁ |
| **စုစုပေါင်းဝင်ငွေ** | | ၂၂,၄၇၄,၂၁၈,၂၆၅ | ၂၃,၃၇၇,၅၂၂,၃၈၉ |
| ဝန်ထမ်းရေးရာစရိတ် | ၂၂ | (၁၀,၅၉၈,၅၇၇,၄၈၄) | (၁၁,၂၆၃,၀၅၂,၀၅၂) |
| ငှားရမ်းခစရိတ် | | (၂၈၉,၂၄၀,၈၁၀) | (၃၁၄,၄၈၆,၈၁၃) |
| အထွေထွေနှင့် စီမံခန့်ခွဲရေးကုန်ကျစရိတ် | ၂၃ | (၅,၄၅၄,၆၀၀,၉၆၄) | (၄,၆၄၀,၈၀၄,၉၁၁) |
| တန်ဖိုးလျော့ခြင်းများ | | (၂,၆၈၈,၁၆၅,၀၇၉) | (၂,၉၉၂,၂၉၄,၄၆၅) |
| အခြား အသုံးစရိတ် | ၂၄ | (၄,၉၃၃,၂၄၁,၁၂၆) | (၅,၁၂၆,၅၀၁,၂၇၅) |
| မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် အတိုးစရိတ် | | - | - |
| အာမခံတန်ဖိုးလျော့နည်းသော ချေးငွေများ အတွက် လျာထားချက် | | (၂၀၀,၀၀၀,၀၀၀) | - |
| **စုစုပေါင်း ကုန်ကျစရိတ်** | | (၂၄,၁၆၃,၈၂၅,၄၆၃) | (၂၄,၃၃၇,၁၃၉,၅၁၆) |
| အရင်းအနှီးအမြတ် | | ၁,၈၂၃,၉၁၂,၃၅၀ | ၁,၁၉၀,၉၂၁,၆၄၉ |
| အခွန်မလျာထားမီ အမြတ်/(အရှုံး) | | ၁၃၄,၃၀၅,၁၅၁ | ၂၃၁,၃၀၄,၅၂၂ |
| ဝင်ငွေခွန်စရိတ် | ၂၅ | (၂၉,၅၄၇,၁၃၃) | (၅၀,၈၈၆,၉၉၅) |
| **အခွန်လျာထားပြီးအသားတင်အမြတ်** | | ၁၀၄,၇၅၈,၀၁၈ | ၁၈၀,၄၁၇,၅၂၈ |
| **အခြားသောဝင်ငွေအလုံးစုံ** | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၁၀၄,၇၅၈,၀၁၈ | ၁၈၀,၄၁၇,၅၂၈ |

ဒေါ်သွယ်သွယ်နိုင်
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ /အမှုဆောင်အရာရှိချုပ်

## ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
(Incorporated in the Republic of the Union of Myanmar)

## ၃၁ မတ် ၂၀၂၅ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၄<br>မြန်မာကျပ် |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | ၁၃၄,၃၀၅,၁၅၂ | ၂၃၀,၃၀၄,၅၂၂ |
| *စာရင်းညှိနှိုင်းချက်များ* | | |
| - ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၂,၆၁၅,၅၂၆,၀၃၁ | ၂,၉၈၀,၁၀၇,၈၁၅ |
| - အမြတ်လက်ကျန် ညှိနှိုင်းချက် | | (၁၈၁,၄၃၇,၀၀၀) |
| - ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး/အမြတ် | ၁,၈၂၃,၉၁၂,၃၅၀ | (၁,၃၂၃,၂၄၆,၂၇၇) |
| - ပုံသေပိုင်ပစ္စည်းစာရင်း ညှိနှိုင်းချက် | ၈,၇၈၅,၁၁၈,၂၁၄ | ၄,၈၁၁,၉၆၁,၉၁၄ |
| - ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | ၁၂၁,၉၂၈,၁၁၂ | ၁၈၃,၁၇၃,၈၄၁ |
| - ရန်ပုံငွေ ညှိနှိုင်းချက် | ၁,၀၀၀,၀၇၇,၄၈၆ | ၂၈,၉၆၂,၀၄၅ |
| **လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင်လုပ်ငန်း အမြတ်/(အရှုံး)** | ၁၀,၈၃၃,၀၄၂,၆၄၅ | ၆,၇၃၀,၈၂၆,၈၆၀ |
| **လည်ပတ်နေသောပိုင်ဆိုင်မှုများနှင့် ပေးရန်တာဝန် ပြောင်းလဲမှုများ** | | |
| - ချေးငွေလက်ကျန် | (၁၃,၂၇၄,၆၅၃,၄၇၇) | ၂၀,၉၉၄,၉၈၈,၁၀၀ |
| - အခြားပိုင်ဆိုင်မှုများ | (၂၀,၉၃၆,၄၆၉,၉၆၄) | ၁၂,၇၈၇,၅၉၆,၉၉၃ |
| - အပ်ငွေစာရင်း | ၅၇,၇၈၇,၅၈၉,၈၄၅ | (၄၁,၄၈၆,၃၄၇,၁၂၄) |
| - ချေးယူငွေများ | ၂၄,၁၇၄,၀၀၀,၀၀၀ | (၁၁,၈၃၂,၆၀၀,၀၀၀) |
| - အခြားပေးရန်တာဝန်များ | ၂၃,၅၅၂,၇၆၂,၃၀၈ | (၁,၁၉၂,၀၄၄,၈၁၄) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | ၈၂,၁၃၆,၂၇၁,၃၅၇ | (၁၃,၉၉၇,၅၇၉,၉၈၄) |
| ဝင်ငွေခွန်ပေးဆောင်မှု | (၃၀,၀၀၀,၀၀၀) | (၁၀,၀၀၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင် ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | ၈၂,၁၀၆,၂၇၁,၃၅၇ | (၁၄,၀၀၇,၅၇၉,၉၈၄) |
| | | |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှု** | | |
| ပုံသေပိုင်ပစ္စည်းများဝယ်ယူခြင်း | (၈,၆၅၄,၈၆၃,၅၈၁) | (၆,၄၄၂,၁၈၀,၂၀၆) |
| ရင်းနှီးမြှုပ်နှံထားသော အိမ်ခြံမြေ | (၂,၇၇၀,၆၂၇,၃၇၅) | |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | (၆၄၃,၄၇၉,၆၀၅) | ၉,၉၇၅,၀၀၀ |
| ဆောက်လုပ်ဆဲ | - | ၁,၂၂၃,၄၁၀,၀၀၀ |
| ရင်းနှီးမြှုပ်နှံထားသော ငွေချေးသက်သေစာချုပ်များ | (၉,၀၄၀,၀၀၀,၀၀၀) | |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | ၂,၅၆၅,၈၄၅,၀၀၀ | ၄,၂၁၇,၀၉၉,၀၀၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု** | (၁၈,၅၄၃,၁၂၅,၅၆၂) | (၉၉၁,၆၉၆,၂၀၆) |
| | | |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ရင်းနှီးငွေထုတ်ပေးငွေ | | |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင် ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | | |
| **ငွေသားအသားတင် အတိုး/(အလျော့)** | ၆၃,၅၆၃,၁၄၅,၇၉၆ | (၁၄,၉၉၉,၂၇၆,၁၉၀) |
| စာရင်းဖွင့်ငွေနှင့် ဘဏ်လက်ကျန် | ၁၁၆,၅၅၄,၀၁၃,၃၇၁ | ၁၃၁,၅၅၃,၂၈၉,၅၆၁ |
| **စာရင်းပိတ်ငွေနှင့် ဘဏ်လက်ကျန်** | ၁၈၀,၁၁၇,၁၅၉,၁၆၇ | ၁၁၆,၅၅၄,၀၁၃,၃၇၁ |

# ကမ္ဘောဇရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

(Incorporated in the Republic of the Union of Myanmar)

## ၃၁ မတ် ၂၀၂၅ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုပြောင်းလဲခြင်းရှင်းတမ်း

| | ရင်းနှီးငွေ | ရှယ်ယာပရီမီယံ | ရန်ပုံငွေများ | အမြတ်လက်ကျန် | (မြန်မာကျပ်) စုစုပေါင်း |
|---|---|---|---|---|---|
| ၁.၄.၂၀၂၃ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၆၂,၄၃၆,၅၀၀,၀၀၀ | ၆,၇၄၂,၂၅၀,၀၀၀ | ၃၉,၁၆၇,၅၁၇,၈၄၇ | ၄,၃၀၆,၃၄၅,၇၉၉ | ၁၁၂,၆၅၂,၆၁၃,၆၄၆ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | |
| နှစ်အတွင်းစာရင်းညှိနှိုင်းချက် | | | ၂၈,၉၆၂,၀၄၅ | (၁၈၁,၄၃၇,၀၀၀) | (၁၅၂,၄၇၄,၉၅၅) |
| နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ | | | | ၂၃၁,၃၀၄,၅၂၂ | ၂၃၁,၃၀၄,၅၂၂ |
| ဝင်ငွေခွန်အတွက်လျာထားချက် | | | | (၅၀,၈၈၆,၉၉၅) | (၅၀,၈၈၆,၉၉၅) |
| ရန်ပုံငွေသို့ပြောင်း | | | ၁၄၅,၁၀၄,၃၈၂ | (၁၄၅,၁၀၄,၃၈၂) | |
| **၃၁.၃.၂၀၂၄ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၆၂,၄၃၆,၅၀၀,၀၀၀** | **၆,၇၄၂,၂၅၀,၀၀၀** | **၃၉,၃၄၁,၅၈၄,၂၇၄** | **၄,၁၆၀,၂၂၁,၉၄၄** | **၁၁၂,၆၈၀,၅၅၆,၂၁၈** |
| | | | | | |
| ၁.၄.၂၀၂၄ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၆၂,၄၃၆,၅၀၀,၀၀၀ | ၆,၇၄၂,၂၅၀,၀၀၀ | ၃၉,၃၄၁,၅၈၄,၂၇၄ | ၄,၁၆၀,၂၂၁,၉၄၄ | ၁၁၂,၆၈၀,၅၅၆,၂၁၈ |
| **နှစ်အတွင်းပြောင်းလဲမှုများ** | | | | | |
| နှစ်အတွင်းစာရင်းညှိနှိုင်းချက် | | | ၁,၀၀၀,၀၇၇,၄၈၅ | | ၁,၀၀၀,၀၇၇,၄၈၅ |
| နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ | | | | ၁၃၄,၃၀၅,၁၅၂ | ၁၃၄,၃၀၅,၁၅၂ |
| ဝင်ငွေခွန်အတွက်လျာထားချက် | | | | (၂၉,၅၄၇,၁၃၃) | (၂၉,၅၄၇,၁၃၃) |
| ရန်ပုံငွေသို့ပြောင်း | | | ၇၆,၁၈၉,၅၀၅ | (၇၆,၁၈၉,၅၀၅) | |
| **၃၁.၃.၂၀၂၅ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၆၂,၄၃၆,၅၀၀,၀၀၀** | **၆,၇၄၂,၂၅၀,၀၀၀** | **၄၀,၄၁၇,၈၅၁,၂၆၄** | **၄,၁၈၈,၇၉၀,၄၅၈** | **၁၁၃,၇၈၅,၃၉၁,၇၂၂** |

ဒေါ်သွယ်သွယ်နိုင်
ဒါရိုက်တာ

ဦးအောင်မြင့်
ဒါရိုက်တာ

ဦးကိုကိုအောင်
ဒါရိုက်တာ /အမှုဆောင်အရာရှိချုပ်

# “ အမြဲကူညီ GTB ”



# “ အမြဲကူညီ GTB ”



# Global Treasure Bank

**(PUBLIC COMPANY LIMITED)**

No. (653/699), Merchant Street, Pabedan Township,Yangon, Myanmar.
CEO Off: Ph: 951 375607, 375528(ADM)
International Banking Ph : 951 377385, 377132(PR), Fax : 377384

Email : globaltreasurebank@gmail.com,
Website : www.gtbmm.com
Swift Address : MLFBMMMY

*"Your Dream Your Success, Global Treasure Bank"*